မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ သောကြာနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၃၃)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ရှေးကထက်ပိုမိုစည်းလုံးညီညွတ်လက်တွဲကြ

ပြည်ထောင်စုကြီး ကျစ်လျစ်ခိုင်မာနေဖို့ တိုင်းရင်းသားလူမျိုးအပေါင်းဟာ ဘေးပြောတာကိုမယုံဘဲ မိမိတို့ ညီနောင်သားချင်း အချင်းချင်း ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ဆက်ဆံပြီး ရှေးကထက် ပိုမိုစည်းလုံး ညီညွတ်စွာ လက်တွဲကြဖို့ လိုအပ်တယ်။ ဒီလို တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ခိုင်မာကျစ်လျစ်မှသာ အချုပ်အခြာအာဏာဆိုတဲ့ ရရှိပြီး လွတ်လပ်ရေးဟာလဲ တည်တံ့ခိုင်မြဲမှာ ဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း

သင်းလုံးကျွတ်အစည်းအဝေး (၁၉၉၇) မိန့်ခွန်းမှ-

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ပြည်ထောင်စုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသော့ချက်ဖြစ်
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးခိုင်မြဲအောင်နှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထွန်းကားရေးကြိုးပမ်း
နိုင်ငံတော်ကြီးဥမကွဲသိုက်မပျက် အစွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် အသက်တမျှအရေးကြီး
နိုင်ငံသားတိုင်းက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုထိပါးမည့်လုပ်ရပ်များကို ဆန့်ကျင်တားဆီး
မူဝါဒလမ်းစဉ် (၇) ရပ်အောင်မြင်ရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် ဖေဖော်ဝါရီ ၉

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ တွေ့ဆုံ၍ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုတိုင်းရင်းသားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်ပွင့်လင်းစည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိရေး ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်တစ်ရပ်ဖြစ်ပေါ်ရေးဟူသည့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ကို ချမှတ် အကောင်အထည်ဖော်လျက် ရှိသည်။

ခေတ်သစ် စနစ်သစ်ကို တည်ဆောက်သည့်နေရာတွင် လူ့စွမ်းအားအရင်းအမြစ်သည် အဆုံးအဖြတ်ပေးသည့်နေရာ၌ ရှိနေသည်။ အသိပညာရှင်၊ အတတ်ပညာရှင် ပညာတတ်အရင်းအမြစ်များ၊ အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို ခွဲခြားနိုင်သည့် အတွေးအခေါ်အယူအဆကောင်းသည့် လူ့စွမ်းအားအရင်းအမြစ်များ၊ အရင်းအနှီးနှင့် အတတ်ပညာရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ၊ တည်ငြိမ်မှုနှင့် အေးချမ်းမှုကိုမြတ်နိုးသည့် နိုင်ငံသားများသည် အရည်အချင်း မြင့်မားနေရန်လိုသကဲ့သို့ အရေအတွက်ပါ များပြားနေရန် လိုအပ်ပေသည်။

ထို့ကြောင့် နိုင်ငံတော်က အမျိုးသားပညာရည်မြင့်မားရေးအစီအစဉ်များ၊ အမျိုးသားကျန်းမာရေး စောင့်ရှောက်မှု မြင့်တင်ရေးအစီအစဉ်များကို ဆက်တိုက်ဆောင်ရွက်နေခြင်းဖြစ်သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ စည်းရုံးရေးနှင့် လေ့ကျင့်ရေး အစီအစဉ်များသည်လည်း လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရေး အစီအစဉ်များနှင့် တစ်ဆက်တစ်စပ်တည်းပင်ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှု သင်တန်း အမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ၈ရက်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် –

"မိမိနိုင်ငံ၏ ရှည်လျားလှသည့် သမိုင်းနောက်ကြောင်း အခြေအနေနှင့် အစဉ်အလာကောင်းများကို ကိုလိုနီကျွန်ပြုခံရမှုနှင့် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်း နိုင်ငံရေးအခြေအနေများကို မှန်မှန်ကန်ကန်နားလည်သိရှိရန်လိုသကဲ့သို့ မိမိနိုင်ငံ၏ နိုင်ငံရေးပထဝီ အနေအထား၊ သဘာဝရေမြေသယံဇာတ ပိုင်ဆိုင်မှုတို့ကိုလည်း တန်ဖိုးရှိရှိ သိရှိအကဲဖြတ်နိုင်ရမှာ ဖြစ်ကြောင်း၊ သို့မှလည်း ယနေ့နိုင်ငံတော်က ချမှတ်ထားသည့် ဒို့တာဝန်အရေးသုံးပါး၊ ဦးတည်ချက်(၁၂)ရပ်၊ ပြည်သူ့သဘောထား(၄)ရပ် စသည့် အမျိုးသားရေးမူဝါဒ အပေါင်းအစု၏အဓိပ္ပာယ်ကို အဆက်အစပ်ရှိရှိ နားလည်ခံယူနိုင်စွမ်းရှိမှာဖြစ်ကြောင်း"

ပြောကြားသွားခဲ့သည်။

နိုင်ငံတော်တွင် စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုရေးတို့ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နိုင်ငံရေးအရ ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးကိုလည်း အကောင်အထည်ဖော်နေပြီဖြစ်သည်။ တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစားအလွှာပေါင်းစုံပါရှိသည့် အမျိုးသားညီလာခံကြီးသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်၌ အရေးအကြီးဆုံးသမိုင်းမှတ်တိုင်အဖြစ် ရပ်တည်ပြီး အနာဂတ် နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့်အခြေခံမူများကို အောင်အောင်မြင်မြင် ချမှတ်နေပြီဖြစ်သည်။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးသည် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ကို အောင်မြင်အောင် တက်ကြွထက်သန်စွာ ဝိုင်းဝန်းပံ့ပိုးဖော်လျက်ရှိကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ကို ဝိုင်းဝန်းပံ့ပိုး တည်ဆောက်ရာတွင် ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်သည့် နိုင်ငံ့သားကောင်းများဖြစ်ရေး၊ နိုင်ငံတော်နှင့် ပြည်သူအကြား ပေါင်းကူးဆက်စပ်ပေးနိုင်သည့် စည်းရုံးရေးမှူးကောင်းများဖြစ်ရေး၊ အဖျက်အန္တရာယ်ကို တွန်းလှန်ဖယ်ရှားနိုင်သည့် သူရဲကောင်းများဖြစ်ရေး၊ ပြည်သူများနှင့် တစ်သားတည်း နေထိုင်ကျင့်ကြံနေသည့် ပြည်သူ့သားသမီးကောင်းများဖြစ်ရေးအတွက် ကြိုးပမ်းကြရမည်ဖြစ်သည်။ ထို့အပြင် တိုင်းပြည်၏အနာဂတ်ကို ထူထောင်စောင့်ရှောက်သွားကြမည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက်လည်း အရာရာကို မြော်မြင်တွက်ဆ အလေးအနက်ထားကြရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များသည် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်လျက်ရှိသော လုပ်ငန်းစဉ်များတွင် ချမှတ်ထားပြီးဖြစ်သည့် ဦးတည်ချက်များနှင့်အညီ ကျရာအခန်းကဏ္ဍမှ တက်ကြွစွာပါဝင်ကာ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိရေးအတွက် နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားနိုင်ကြမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တိုင်း အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ၂နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၏ သဝဏ်လွှာကို ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ဖတ်ကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက အနာကြီးရောဂါ ကင်းဝေးရေးလုပ်ငန်းများတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၏ ဆောင်ရွက်ရမည့် အခန်းကဏ္ဍနှင့်ပတ်သက်၍ ရှင်းလင်း အမှာစကား ပြောကြားသည်။

(အပေါ်ပုံ)

ရှင်းလင်းတင်ပြ

ယင်းနောက် ကျန်းမာရေး ဦးစီးဌာန အနာကြီးရောဂါကင်းဝေးရေး စီမံကိန်းမှ ဒေသန္တရ အရာရှိ (အနာကြီး/ရန်ကုန်တိုင်း) ဒေါက်တာတင်မောင်စိုးက ရန်ကုန်တိုင်းအတွင်း အနာကြီးရောဂါကင်းဝေးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား အနာကြီးရောဂါကင်းဝေးရေး ပညာပေး ဓာတ်လမ်း ပြသသည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် အနာကြီးရောဂါကင်းဝေးရေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံနှင့် ပိုစတာများကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀–၂–၂၀၀၆ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	မြောက်ဦးခေတ်နှင့် ရှစ်သောင်းပုထိုးတော်ကြီး
၇:၁၅	တေးဂီတအစီအစဉ်
၇:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၇:၂၅	ပြည်သူ့အတွက်ကျန်းမာရေး (အရိုးကျီးပေါင်းတက်ရောဂါမေးမြန်းခန်း)
၇:၃၅	တေးဂီတအစီအစဉ်
၇:၄၀	Myanmar Video Rhythm
၈:၂၀	ပြည်တွင်းသတင်းအကျဉ်း
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	သစ်သီးဝလံ ပေါပြည့်ဝေဆာတို့မြေမှာ (ကျွဲကောသီး)
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	ကျန်းမာရှင်မြူးအစဉ်ရေကူး
၉:၀၅	မိုးလေဝသခန့်မှန်းချက်
၉:၁၀	ကယားရိုးရာဝတ်စားဆင်ယင်မှု
၉:၁၅	သွားသွားလာလာကိုပါရာ (ရွှေနန်းတော်သို့သွားရောက်လေ့လာခြင်း)
၉:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၃၅	သွင်းကုန်အစားထိုး စံချိန်မီ မော်တာပန်ကာကြိုး
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	အိမ်ထောင်စုလူဦးရေစာရင်းနှင့်ပတ်သက်၍သိကောင်းစရာ
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	ကြယ်ပွင့်များရဲ့ ဒိုင်ယာရီ (ရုပ်သံဂျာနယ်မှတ်တမ်း)
၁၁:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀	အိမ်သုံးဆေးဝါးအလေးထားစက်မှုစွမ်းအား
၁၁:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅	မဟူရာရေလှောင်တမံ
၁၁:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀	Say It In English
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြဝတီရုပ်မြင်သံကြား

၁၀–၂–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀	၆။	မျိုးချစ်တပ်မတော်
၄:၅၀	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၃၀	၁၂။	ကာတွန်းအစီအစဉ် **"ပါကဲ့"** (အပိုင်း–၁၁)
၆:၄၀	၁၃။	လျှပ်တစ်ပြက်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း–၉)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	စိုက်ပျိုးသုတ
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"** (အပိုင်း–၁၀)

ဖေဖော်ဝါရီ ၇ ရက်က ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ အမက(၁၆) ဗဟန်းတွင် နယ်လှည့် စာဖတ်ခန်း၊ နံရံကပ် စာစောင်၊ ဓာတ်ပုံ ပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲ အခမ်းအနား ကျင်းပရာ မြို့နယ် ဦးစီးမှူးဒေါ်ခင်ဌေးနှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်စောအိထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။(မြို့နယ်ပြန်/ဆက်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

အခမ်းအနားတွင် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားသည်။

အစီအစဉ်အရ ရှေးဦးစွာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ပြည်ထောင်စု၏ အတိတ်သမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် မြန်မာတိုင်းရင်းသားသွေးသားရင်းချာများသည် ရှေးပဝေသဏီသမိုင်းမတင်မီ

အယူအဆများပယ်ရှင်း

လူမျိုးစွဲစိတ်ဓာတ်၊ ဒေသစွဲစိတ်ဓာတ်နှင့်တရားသေဝါဒစွဲစိတ်ဓာတ်များသည်**"ပြည်ထောင်စုစိတ်ဓာတ်"**၏ဆန့်ကျင်ဘက် အစွန်းတရားများဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပျက်ပြားစေသည့် တိုင်းရင်းသားအားလုံးကို ဆင်းရဲတွင်းသက်ဆင်းစေသည့် အဖျက်သဘောဆောင်သည့် သဘောတားများ ဖြစ်သည်ဆိုသည်ကိုသိရှိကြပြီး ယင်းစိတ်ဓာတ်များ၊ ယင်းအယူအဆများကို ပယ်ရှင်းပစ်ကြရန် မှာကြားလိုကြောင်း။

မြန်မာနိုင်ငံသမိုင်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာစုစည်းတည်ဆောက်နိုင်ခဲ့သဖြင့် ခရစ်နှစ် ၁၀၄၄ ခုနှစ် အနော်ရထာမင်းလက်ထက်တွင် ပထမမြန်မာနိုင်ငံတော်ကြီး၊ ခရစ်နှစ် ၁၅၅၁ ခုနှစ် ဘုရင့်နောင်

အုပ်စိုးလိုသည့်အတွက် မြေပြန့်နေ တိုင်းရင်းသားများနှင့် တောင်တန်းဒေသတိုင်းရင်းသားများအကြား စိတ်ဝမ်းကွဲပြားအောင် အမျိုးမျိုးအဖုံဖုံ သွေးခွဲသပ်လျှိုမှုများ လုပ်ခဲ့သည်ကိုလည်း သမိုင်းတွင် အထင်အရှားတွေ့ရမှာဖြစ်ကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲစေရန် တိုင်းရင်းသားအချင်းချင်း အနေနီးအောင် ကူးလူးဆက်ဆံမှုပွားများအောင် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ တည်ဆောက်ပေးနေ

ကာလကတည်းက မြန်မာ့မြေပေါ်၌ မရှိအတူရှိအတူ၊ ဥမကွဲသိုက်မပျက်၊ တစ်စိတ်တစ်ဝမ်းတည်း အတူတကွလက်တွဲနေထိုင်လာခဲ့ကြသူများဖြစ်ကြောင်း တွေ့ရမှာဖြစ်ကြောင်း၊ မြန်မာတိုင်းရင်းသားများသည် ဘိုးစဉ်ဘောင်ဆက်ကစပြီး ပြည်ထောင်စု၏ တောင်ပေါ်မြေပြန့်တစ်နံတစ်လျားတွင် ရေကြည်ရာမြက်နုရာရွေးချယ်သွားလာနေထိုင်ကြရင်း နှစ်ပရိစ္ဆေဒကြာမြင့်လာသည်နှင့်အမျှ ပထဝီ၊ ရေ၊ မြေ၊ ရာသီဥတုတို့၏ထင်ဟပ်မှုကြောင့် ဘာသာစကား၊ ဓလေ့စရိုက်၊ အသုံးအဆောင်၊ ဝတ်စားဆင်ယင်မှုများ ကွဲပြားလာခဲ့ကြတာဖြစ်ကြောင်း။

အခိုင်အမာဖော်ညွှန်းပြဆို

ယင်းသို့ကွဲပြားကြသော်လည်း အမှန်စင်စစ် တိုင်းရင်းသားသွေးချင်းသားရင်းများသည် အသီးတစ်ရာအညှာတစ်ခုဆိုသည့် စကားအတိုင်း သမိုင်းစဉ်တစ်လျှောက်တွင် ဓလေ့ထုံးတမ်းများ၊ ယဉ်ကျေးမှုများ အပြန်အလှန်ကူးလူးယှက်နွယ်ပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် စုပေါင်းနေထိုင်လာခဲ့ကြသော ပြည်ထောင်စုသားများသာဖြစ်သည်ဆိုသည်ကို သမိုင်းအထောက်အထားများက အခိုင်အမာ ဖော်ညွှန်းပြဆိုလျက်ရှိကြောင်း။

ယင်းအချက်နှင့် ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ)သင်တန်းအမှတ်စဉ်(၃၇) သင်တန်းသား သင်တန်းသူများအား ဩဝါဒစကား မြွက်ကြားရာတွင်–

"မိမိတို့နိုင်ငံတော်အတွင်း တိုင်းရင်းသားများသည် လူမျိုးတစ်မျိုးစီ၊ နေရာဒေသတစ်ခုစီ၌ သီးခြားနေထိုင်ကြသည်မဟုတ်ဘဲ တိုင်းရင်းသား လူမျိုးအားလုံးသည် နယ်မြေဒေသတိုင်း၌ ရှေးပဝေသဏီကပင် အတူတကွပေါင်းစုနေထိုင်လာကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ တိုင်းရင်းသားလူမျိုးများသည် ပင်ကိုအားဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး စိတ်ဝမ်းမကွဲဘဲ ရှိနေကြသော လူမျိုးများဖြစ်သည်"ဟု မိန့်ကြားခဲ့ပါကြောင်း၊ ဗိုလ်ချုပ်မှူးကြီးက ဆက်လက်မိန့်ကြားရာတွင် "ပင်ကိုအားဖြင့် တည်ရှိပြီးဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများကို ပိုမိုတောင့်တင်းခိုင်ခံ့အောင်၊ ပိုမိုခိုင်မြဲအောင် တည်ဆောက်ပေးရမှာဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် တောင့်တင်းခိုင်မာမှသာ မိမိတို့ ပြည်ထောင်စုကြီး၏ နယ်နိမိတ်သည် အမြဲတမ်းတည်တံ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည်လည်း အစဉ်ထာဝရ တည်မြဲနေမှာ ဖြစ်သည်"

ဟု မိန့်ကြားခဲ့ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ တိုင်းရင်းသားအားလုံးသည် ပြည်ထောင်စုနိုင်ငံ၏ အလံတော်တစ်ခုတည်းအောက်တွင် နေထိုင်ကြပြီး **"ပြည်ထောင်စုစိတ်ဓာတ်"**ဖြစ်သော တလုံးတစည်း တညီတညွတ်တည်း နေထိုင်သွားမည်ဆိုသည့်စိတ်ဓာတ်၊ တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီမည်ဆိုသည့်စိတ်ဓာတ်၊ အခက်အခဲ အကျပ်အတည်း ပေါ်ပေါက်ခဲ့လျှင် ကူညီဖြေရှင်းမည်ဆိုသည့်စိတ်ဓာတ်၊ အန္တရာယ်ကျရောက်ခဲ့လျှင် အကာအကွယ်ပေးမည်ဆိုသည့်စိတ်ဓာတ်၊ ပြည်ထောင်စုကြီးအေးချမ်းသာယာအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းကြိုးပမ်းကြမည်ဆိုသည့်စိတ်ဓာတ်များဖြင့် တိုင်းရင်းသားများအားလုံးက ပြည်ထောင်စုကြီးကို ပူးပေါင်းကာကွယ်စောင့်ရှောက်သွားကြရမှာဖြစ်ကြောင်း။

လက်ထက်တွင် ဒုတိယမြန်မာနိုင်ငံတော်ကြီးနှင့်ခရစ်နှစ် ၁၇၅၂ခုနှစ် အလောင်းဘုရားဦးအောင်ဇေယျလက်ထက်တွင် တတိယမြန်မာနိုင်ငံတော်ကြီးတို့ကို တည်ထောင်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံသည် အာရှဒေသတစ်ခွင်၌ ထင်ရှားခဲ့ပြီး အိမ်နီးချင်းနိုင်ငံများ၏ လေးစားခံ့ညားမှုကို ရရှိခဲ့သည်မှာ သမိုင်းတွင် အထင်အရှားပင်ဖြစ်ကြောင်း။

ကုန်းဘောင်မင်းဆက်များ လက်ထက်တွင် ကိုလိုနီနယ်ချဲ့တို့၏ သပ်လျှိုသွေးခွဲသည်ကို ခံခဲ့ရ၍ နန်းတွင်းစည်းလုံးညီညွတ်မှုပျက်ပြားခဲ့ပြီး ပြည်ထောင်စုစိတ်ဓာတ်မေးမှိန်ခဲ့ရသည့် အကျိုးဆက်ကြောင့် နိုင်ငံတော်သည် ကိုလိုနီနယ်ချဲ့တို့၏ လက်အောက် ကျွန်သပေါက်ဘဝကို ကျရောက်ခဲ့ရကြောင်း။

ကြံရွယ်လုပ်ဆောင်

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားများအပေါ် ရေရှည်သွေးစုပ်ခြယ်လှယ်အုပ်ချုပ်နိုင်ရန်အတွက် တိုင်းရင်းသားအချင်းချင်း သံသယစိတ်များကြီးထွားလာစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားအောင် နည်းမျိုးစုံဖြင့် သွေးထိုးလုပ်ကြံဖန်တီးခဲ့ကြောင်း၊ ယင်းသို့ကိုလိုနီနယ်ချဲ့၏ တိုင်းရင်းသားများအကြား သံသယစိတ်များပွားပြီး အချင်းချင်းရန်လိုမုန်းတီးအောင် ဖန်တီးမှုများသည် တိုင်းရင်းသားများ၏ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ဇာတိသွေးဇာတိမာန်နှင့် နယ်ချဲ့တော်လှန်ရေး စိတ်ဓာတ်များကို ဖျက်ဆီးရိုက်ချိုးရန်အတွက် ကြံရွယ်လုပ်ဆောင်ခဲ့သည့် အဖျက်လုပ်ရပ်များပင်ဖြစ်ကြောင်း။

ကိုလိုနီနယ်ချဲ့များသည် အုပ်ချုပ်ရေးတွင်လည်း ပြည်မနှင့်တောင်တန်းသွေးခွဲအုပ်ချုပ်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုမရှိသည့် တောင်တန်းဒေသများသည် ဖွံ့ဖြိုးမှုနောက်ကျသည်ထက် နောက်ကျခဲ့ရသည်ဆိုသည်ကို တိုင်းရင်းသားအားလုံးကြုံတွေ့ခဲ့ရပြီးဖြစ်ကြောင်း၊ ကိုလိုနီနယ်ချဲ့များအနေဖြင့်မလွှဲမရှောင်သာလွတ်လပ်ရေးပေးရတော့မည့် အခြေအနေရောက်နေချိန်မှာပင် တောင်တန်းဒေသများကို သူတို့၏ဩဇာခံနယ်ပယ်များအနေဖြင့် ဆက်လက်သိမ်းသွင်း

အမြော်အမြင်ကြီးမားသည့် တိုင်းရင်းသားခေါင်းဆောင်များ၏ ကြိုးပမ်းအားထုတ်မှုဖြင့် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်နေ့တွင် ရှမ်းပြည်နယ် ပင်လုံမြေ၌ ပြည်မ တောင်တန်း မခွဲခြားဘဲ အတူတကွ လွတ်လပ်ရေးရယူကြမည်ဆိုသည့် ခိုင်မြဲသည့် သန္နိဋ္ဌာန်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာ ပြသခဲ့ကြကြောင်း၊ ယင်းသို့ ပြသနိုင်ခဲ့သည့်အတွက်ကြောင့်လည်း ၁၉၄၈ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် မြန်မာတစ်နိုင်ငံလုံး မည်သည့်ပြည်နယ်၊ မည်သည့်တောင်တန်း၊ မည်သည့်ဒေသမျှ ကြွင်းကျန်ခဲ့ခြင်းမရှိဘဲ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုကြီးအဖြစ်ကို ပြန်လည်ရရှိခဲ့ကြောင်း။

နိုင်ငံရေးအနှစ်သာရရှိရှိ

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းတစ်လျှောက်တွင် အစဉ်အမြဲအောက်မေ့တသ နေရမည့်နေ့၊ ပြည်ထောင်စုကြီးအစဉ်ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှအရေးကြီးလှသည့်နေ့၊ လွတ်လပ်ရေးအတွက် သန္ဓေတည်ပေးခဲ့သည့်နေ့စသော နိုင်ငံရေးအဓိပ္ပာယ်လေးနက်လှသည့် ဖေဖော်ဝါရီ ၁၂ ရက်နေ့ကို **"ပြည်ထောင်စုနေ့"**ဟု သတ်မှတ်ပြီး နှစ်စဉ်နှစ်တိုင်း၌နေ့၌ရက်တွင် ပြည်ထောင်စုနေ့အခမ်းအနားများကို ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် အမျိုးသားရေးဦးတည်ချက်များချမှတ်ပြီး ထည်ထည်ဝါဝါ ကျင်းပနေခြင်းပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်နောက်တွင် ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ လူမျိုးရေးပဋိပက္ခဖြစ်အောင် သပ်လျှိုသွေးခွဲမှု၊ ဝါဒရေးရာအရ ဖြားယောင်းသိမ်းသွင်းမှုများကြောင့် ပြည်တွင်းလက်နက်ကိုင် ဆူပူဆန့်ကျင်မှုအန္တရာယ်သည် လွန်စွာကြီးမားပြင်းထန်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံးနီးပါး ရောင်စုံလက်နက်ကိုင်ဆန့်ကျင်မှုများ၏ အရိပ်မည်းကြီးအောက်ကျရောက်ခဲ့ရပြီး ကိုလိုနီနယ်ချဲ့လက်အောက်ကလွတ်မြောက်စ မြန်မာနိုင်ငံသည် ကိုလိုနီလက်သစ်များ၏ ဩဇာခံ၊ ကြိုးဆွဲခြယ်လှယ်ခံ ဖြစ်ရတော့မည့်အခြေအနေကို ရောက်ရှိခဲ့ကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁ သို့

❑ ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောစွာနှင့် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေး၊ တစ်မျိုးသားလုံးလိုလားတောင့်တအပ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးတို့အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိ။

ဗီယက်နမ်နိုင်ငံ ဟန္ဓိုင်းအရှေ့ပိုင်းရှိ ကျေးရွာတစ်ရွာ၌ ရိုးရာဓလေ့ နွေဦးပွဲတော် ကျင်းပနေသည်ကို ဖေဖော်ဝါရီ ၈ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အာဖဂန်နစ္စတန်၌ ဗုံးခွဲတိုက်ခိုက် ၁၂ဦးသေဆုံး၊ ၁၄ဦးဒဏ်ရာရရှိ

ကမ်ဒါဟာ ဖေဖော်ဝါရီ ၉

အာဖဂန်နစ္စတန်နိုင်ငံ ကမ်ဒါဟာမြို့ရှိ ရဲဌာနချုပ်အပြင်ဘက်တွင် ဖေဖော်ဝါရီ ၇ရက်က ဗုံးခွဲတိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ရာ လူ ၁၂ဦး သေဆုံးပြီး ၁၄ဦး ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

အတည်မပြုနိုင်

ဗုံးခွဲတိုက်ခိုက်သူသည် မော်တော်ဆိုင်ကယ်နှင့်ဖြစ်ကြောင်း ရဲဌာနချုပ်အတွင်းမှ ရဲအရာရှိတစ်ဦးက ပြောကြားသော်လည်း ယင်းကို အတည်မပြုနိုင်သေးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဒဏ်ရာရရှိ

လူ၁၂ဦးသေဆုံးပြီး ၁၄ဦးဒဏ်ရာရရှိကာ ရဲတပ်ဖွဲ့ဝင်များနှင့် အရပ်သားများ ပါဝင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ယူဆတ်ဖ် စတာနီဇာယီက ပြောကြားသည်။

သေဆုံးဒဏ်ရာရရှိသူအများစုမှာ ရဲတပ်ဖွဲ့ဝင်များဖြစ်ပြီး အချို့မှာ ဒဏ်ရာပြင်းထန်ကြောင်း ကမ်ဒါဟာဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောကြားသည်။

သေဆုံး

မကြာသေးမီလများအတွင်းက အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းနှင့် အရှေ့ပိုင်းများတွင် ဗုံးခွဲတိုက်ခိုက်မှု (၁၄)ကြိမ် အပါအဝင် အခြားတိုက်ခိုက်မှုများကြောင့် လူဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ပြီးဖြစ်ကြောင်း ရိုက်တာက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ

အမေရိကန်၏ကာကွယ်ရေးဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာ တရုတ်က ပြတ်ပြတ်သားသား ဆန့်ကျင်ကန့်ကွက်

ပေကျင်း ဖေဖော်ဝါရီ ၉

အမေရိကန်၏ ကာကွယ်ရေးဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာတွင် တရုတ်နိုင်ငံ တပ်မတော်သည် ဒုက္ခပေးလာနိုင်ဟန် ချဲ့ကားရေးသားဖော်ပြထားခြင်းကို ပြတ်ပြတ်သားသား ဆန့်ကျင်ကန့်ကွက်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကောင်ကျွမ်က ဖေဖော်ဝါရီ ၇ရက်၌ ပြောကြားလိုက်သည်။

ဖေဖော်ဝါရီ၃ရက်က ထုတ်ပြန်သော အမေရိကန်၏ လေးနှစ်တစ်ကြိမ် ကာကွယ်ရေးဆိုင်ရာသုံးသပ်ချက် အစီရင်ခံစာ (ကျူဒီအာ)တွင် တရုတ်နိုင်ငံ၏ ပုံမှန်စစ်ဘက်ဆိုင်ရာ တည်ဆောက်ခြင်းကို မဆင်မခြင် ဝေဖန်သုံးသပ်ခဲ့သည်။ ယင်းသို့ပြုမူခြင်းသည် တရုတ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းဖြစ်ပြီး ပြည်သူလူထု၏ အထင်အမြင်ကို လွဲမှားစေအောင် ပြုလုပ်ခြင်းဖြစ်ကြောင်း ကောင်က ပြောကြားသည်။

ဝေဖန်

ယင်းအစီရင်ခံစာသည် တရုတ်နိုင်ငံကို စစ်ဘက်ဆိုင်ရာ ပွင့်လင်းမှုချို့တဲ့သော နိုင်ငံအဖြစ် အပြစ်ရှာဝေဖန်လိုက်ခြင်းဖြစ်ကြောင်း တရုတ်–အမေရိကန် ဆက်ဆံရေးကျွမ်းကျင်ပညာရှင် ယောင်ဇောင်စီက ပြောကြားလိုက်သည်။

ယင်းဝေဖန်ချက်သည် လက်ခံနိုင်စရာမရှိကြောင်း၊ တရုတ်နိုင်ငံသည် နှစ်ပေါင်းများစွာ ကာကွယ်ရေးနှင့်ပတ်သက်၍ အစိုးရသဘောထား အစီရင်ခံစာကို နှစ်စဉ် ထုတ်ပြန်ခဲ့ပြီး ၂၀၀၅ခုနှစ် ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ၏ ငြိမ်းချမ်းသော ဖွံ့ဖြိုးတိုးတက်မှုအစိုးရသဘောထား အစီရင်ခံစာကို ထုတ်ပြန်ခဲ့ကြောင်း ယောင်က ပြောကြားသည်။

ပြောကြား

တရုတ်နိုင်ငံသည် ငြိမ်းချမ်းသော ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းဆီသို့ ချီတက်နေပြီး အမျိုးသားကာကွယ်ရေး မူဝါဒကိုကျင့်သုံးလျက်ရှိကြောင်း၊ အာရှ–ပစိဖိတ်ဒေသနှင့် ကမ္ဘာတွင် ငြိမ်းချမ်းရေးနှင့် တည်တံ့ခိုင်မြဲရေး တိုးတက်လာရန်အတွက် အရေးပါသော တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကောင်ကျွမ်က ပြောကြားသည်။

ပြုလုပ်မည်မဟုတ်

တရုတ်နိုင်ငံသည် အတိတ်ကာလနှင့် ယခုမျက်မှောက်ကာလတွင် မည်သည့်နိုင်ငံကိုမျှ ခြိမ်းခြောက်ခြင်း မပြုလုပ်ခဲ့ကြောင်းနှင့် နောင်အနာဂတ်တွင်လည်း ပြုလုပ်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

ရေနံတင်သင်္ဘောမှ ယိုဖိတ်သည့် ရေနံများကြောင့် အက်စ်တိုးနီးယားကမ်းလွန်ပင်လယ်ပြင်၌ ငှက် ၃၅၀၀၀ခန့် သေဆုံးဖွယ်ရှိ

တောလင်း ဖေဖော်ဝါရီ ၉

အက်စ်တိုးနီးယားနိုင်ငံ အနောက်မြောက်ဘက် ကမ်းလွန်ပင်လယ်ပြင်တွင် ရေနံတင်သင်္ဘောမှ ယိုဖိတ်သည့် ထူထပ်သော ရေနံပြင်များကြောင့် ငှက် ၃၅၀၀၀ခန့် သေဆုံးဖွယ်ရှိပြီး ပင်လယ်ပြင်မှာ အေးခဲနေမှုကြောင့် ကယ်ဆယ်ရေးနှင့် ရှာဖွေရေးကြိုးပမ်းမှုများမှာ အဟန့်အတားဖြစ်နေရကြောင်း ငှက်ကျွမ်းကျင်သူများက ဖေဖော်ဝါရီ ၆ရက်တွင် ပြောကြားသည်။

ယခုအချိန်အထိ သေဆုံးခဲ့သည့် ငှက် ၃၀၀၀ခန့်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အက်စ်တိုးနီးယား ငှက်ကျွမ်းကျင်သူများ အဆင့်မြင့်အဖွဲ့ဝင် ဗီလ်ဂျူလင်လီလီယက်က ပြောကြားသည်။ ရေနံပြင်မှ ဒဏ်ရာရရှိသည့် ငှက် ၁၀ရာခိုင်နှုန်းသာ တွေ့ရှိရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အရေအတွက်

အမှန်တကယ် သေဆုံးမှုအရေအတွက်မှာ ၃၅၀၀၀ခန့် ရှိနိုင်ကြောင်း လီလီယက်က ပြောကြားသည်။

ရေနံတန်ချိန် ၂၀ခန့် ယိုဖိတ်မှုကို ဖေဖော်ဝါရီ ၄ရက်က သတင်းရရှိပြီး ကျွမ်းကျင်သူများက အစောပိုင်း၌ အနည်းငယ်လောက်သာ ဖြစ်လိမ့်မည်ဟု မျှော်လင့်ခဲ့သော်လည်း ငှက်များစွာသည်၎င်းတို့၏အမွေးအတောင်များကို ရေနံများ ပေကျံသည့်ဒဏ်ခံခဲ့ရသည်။ ရေနံများ ပေကျံနေသည့် ငှက်များကို ဖင်လန်နိုင်ငံ အနောက်တောင်ပိုင်း ကမ်းလွန်ပင်လယ်ပြင်၌ တွေ့ရှိရကြောင်း ပတ်ဝန်းကျင် ဆိုင်ရာ ပညာရှင်များက ပြောကြားသည်။

စားသောက်မိ

ဒဏ်ခံရသည့်ငှက်များတွင် ငန်းများ၊ အမြီးရှည်ဘဲများ၊ အာတိတ်ဒေသနှင့် ရုရှားမှ ရောက်လာသည့် ငှက်များပါဝင်ကြောင်း ၎င်းတို့က ပြောကြားသည်။ အမြီးဖြူ လင်းယုန်ငှက်နှင့် ဇီးကွက်များသည်လည်း ရေနံကြောင့် သေဆုံးခဲ့သည့် ငှက်များကို စားသောက်မိခြင်းကြောင့် သေဆုံးနိုင်သေးကြောင်း ၎င်းတို့က ပြောကြားသည်။

ဦးတည်ခုတ်မောင်း

ဘောလ်တစ် ပင်လယ်သည် ဥရောပဈေးကွက်သို့ ရေနံတင်သင်္ဘောများ ဦးတည်ခုတ်မောင်းရာ လမ်းကြောင်း ဖြစ်ကြောင်း ရိုက်တာက ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

ဘဂ္ဂဒက်မြို့၌ ကားဗုံးဖောက်ခွဲ တိုက်ခိုက်ခံရမှုကြောင့် ပျက်စီးခဲ့သော မော်တော်ယာဉ်တစ်စီး ထရပ်ကားပေါ်သို့ တင်ဆောင်နေသည်ကို ဖေဖော်ဝါရီ ၈ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီရတ်၌ လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်မှုများကြောင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင် လေးဦးသေဆုံးခဲ့

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၉

အီရတ်နိုင်ငံတွင် လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် လွန်ခဲ့သည့် နှစ်ရက်အတွင်း အမေရိကန် မရိန်းတပ်ဖွဲ့ဝင် လေးဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်က အင်္ဂါနေ့တွင် ကြေညာသည်။

သေဆုံး

ဆွန်နီပြောက်ကျားတို့၏ ဗဟိုချက်မဒေသဖြစ်သည့် အန်ဘာပြည်နယ်အတွင်းရှိ ဟစ်မြို့တွင် မရိန်းတပ်ဖွဲ့ဝင် သုံးဦး တနင်္လာနေ့က သေဆုံးခဲ့သည်။

ကြေညာ

လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုကြောင့် ထိုပြည်နယ်အတွင်းတွင် အခြားမရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားသည်ဟု အမေရိကန်စစ်ဘက်က ကြေညာသည်။

လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုသည် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များအတွက် အသေအပျောက်အများဆုံး တိုက်ခိုက်မှုဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးဝါးမှောင်ခိုသွင်းမှု ခုနစ်မှု ဗီယက်နမ် နယ်ခြားစောင့်တပ်များ ဖော်ထုတ်ခဲ့

ဟနွိုင်း ဖေဖော်ဝါရီ ၉

ဗီယက်နမ်နိုင်ငံတွင် ဗီယက်နမ်နယ်ခြားစောင့်တပ်များက နယ်စပ်ဖြတ်ပြီး မူးယစ်ဆေးဝါးများ ခိုးသွင်းသည့် အမှုခုနစ်မှုတို့ကို ဖော်ထုတ်ပြီး လူ၂၃ဦးကို ဖမ်းဆီးလိုက်သည်။

ဇန်နဝါရီ ၂၇ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ နှစ်သစ်ကူးပွဲတော်အတွင်း ဖော်ထုတ်ဖမ်းဆီးမိသည့် အမှုများတွင် ဘိန်းဖြူ ၁ဒသမ ၆ကီလို၊ ဘိန်း ၁ဒသမ ၅ကီလို၊ မူးယစ်ဆေးပြား ၃၀၂၈ပြား၊ ဖောက်ခွဲရေး ပစ္စည်းများ ၀ ဒသမ ၄ကီလိုနှင့် လက်နက်အချို့ကိုပါ သိမ်းဆည်းလိုက်သည်။

ဗီယက်နမ်မြောက်ပိုင်းမှ စွန်လာပြည်နယ်၊ လာအိုခိုင်ပြည်နယ်နှင့် ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဘင်ဖတ်ပြည်နယ်တို့မှ မူးယစ်ဆေးဝါး မှောင်ခိုသွင်းသည့်အမှုလေးမှုကို ဖော်ထုတ်ခဲ့သည်။

မူးယစ်ဆေးသုံးစွဲ

၂၀၀၄ခုနှစ်ဆန်းပိုင်းတွင် ဗီယက်နမ်နိုင်ငံ၌ မူးယစ်ဆေးသုံးစွဲမှု ၁၆၉၀၀၀ ရှိသည်။ ၎င်းတို့အနက် ၃၀ ဒသမ ၅ ရာခိုင်နှုန်းမှာ မြောက်ပိုင်း တောတောင်ထူထပ်သည့် ပြည်နယ် ၁၃ခုမှ ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ အရောင်းပြခန်း၌ အသစ်ထုတ်လုပ်လိုက်သည့် ပါးလွှာပြီး လျှာထိုးပုံစံ ဆဲလ်ဖုန်းများကို အရောင်းဝန်ထမ်းများ ဖေဖော်ဝါရီ ၈ရက်က ပြသနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်နှင့် အာဖဂန်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ လျှော့ချရန် ကန်အစိုးရအဖွဲ့အား ဖိအားပေးမှုများ တိုးပွားလျက်ရှိ

ဝါရှင်တန် ဖေဖော်ဝါရီ ၉

အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို နောင်နှစ်ကျော်လွန်ပြီးနောက် တပ်ဖွဲ့ဝင် အရေအတွက်ကို လျှော့ချသွားမည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ထိပ်တန်းအရာရှိကြီးတစ်ဦးက ဖေဖော်ဝါရီ ၇ရက်က ပြောကြားသည်။

အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတွင် လတ်တလော အရေအတွက် ၃၀ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် ၂၀၀၇ ခုနှစ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၉ ရာခိုင်နှုန်းသာ ထားရှိတော့မည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး ပီတာပေ့စ က အထက်လွှတ်တော် ကာကွယ်ရေးဆိုင်ရာ ကော်မတီသို့ ပြောကြားသည်။

အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း သုံးပုံတစ်ပုံ လျှော့ကျသွားမည် ဖြစ်သည်။

မျှော်လင့်

ယခု အမေရိကန်တပ်ဖွဲ့ဝင် ၁၃၈၀၀၀သည် အီရတ်တွင် ရှိပြီး အာဖဂန်တွင် ၁၉၀၀၀ ကျော် ရှိသည်။

အီရတ်နိုင်ငံအား အီရတ်အစိုးရနှင့် အီရတ်တပ်ဖွဲ့ဝင်များ လုံခြုံရေးတာဝန်များကို ယူနိုင်ချိန်တွင် အမေရိကန်တပ်ဖွဲ့ဝင်များကို ယခုနှစ်တွင် လျှော့ချသွားရန် မျှော်လင့်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များကို နိုင်ငံသို့ ပြန်လည်ခေါ်ရန် ဘုရှ်အစိုးရအဖွဲ့အားဖိအားပေးမှုများသည် တိုးပွားလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

အိန္ဒိယစီးပွားရေးတိုးတက်မှု ရှစ်ရာခိုင်နှုန်းကျော်မည်ခန့်မှန်း

နယူးဒေလီ ဖေဖော်ဝါရီ ၉

အိန္ဒိယနိုင်ငံသည် ၂၀၀၅-၂၀၀၆ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဂျီဒီပီတိုးတက်မှုကို ၈ဒသမ ၁ရာခိုင်နှုန်း တိုးတက်ရန်ခန့်မှန်းထားကြောင်း၊ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း အိန္ဒိယဗဟိုစာရင်းအင်းဌာနက ဖေဖော်ဝါရီ၇ရက်၌ ကြေညာချက်ထုတ်ပြန်သည်။

၂၀၀၅ခုနှစ် ဧပြီလမှ ၂၀၀၆ ခုနှစ် မတ်လအထိ လက်ရှိဘဏ္ဍာရေးနှစ်တွင် ၈ဒသမ၁ ရာခိုင်နှုန်းတိုးလာရန် ခန့်မှန်းထားကြောင်း၊ ယင်းမှာ မူလက ခန့်မှန်းထားသော ၇ရာခိုင်နှုန်းမှ ၇ဒသမ ၅ရာခိုင်နှုန်းထက် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ စာရင်းအင်းဌာနက ထုတ်ပြန်ကြေညာချက်၌ ဖော်ပြသည်။

အဆိုပါ တိုးတက်မှုများသည် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများကြောင့်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုကဏ္ဍများမှာ လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေမှု၊ ဆောက်လုပ်ရေး၊ ကုန်သွယ်မှု၊ ဟိုတယ်များ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ဘဏ္ဍာရေး၊ အာမခံလုပ်ငန်း၊ အိမ်ရာနှင့် စီးပွားရေးလုပ်ငန်းများ ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဗီယက်နမ် ပလတ်စတစ်ထုတ်ကုန်များတင်ပို့မှု ယခုနှစ်တွင်ဒေါ်လာသန်း ၅၀၀ဖိုးရရှိရန်မျှော်မှန်း

ဟနွိုင်း ဖေဖော်ဝါရီ ၉

ဗီယက်နမ်နိုင်ငံ၏ ပလတ်စတစ်လုပ်ငန်းသည် ယမန်နှစ်က ပြည်ပတင်ပို့ရောင်းချခြင်းမှ အခွန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၃၈၀ ရရှိခဲ့ရာ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၅၀၀ရရှိရန် မျှော်မှန်းထားကြောင်း ဗီယက်နမ်ပလတ်စတစ်အသင်းက ဖေဖော်ဝါရီ ၇ရက်၌ ပြောကြားသည်။

ထိုးဖောက်

ဗီယက်နမ်နိုင်ငံ၏ ပလတ်စတစ်ထုတ်လုပ်သူများသည် ပြန်လည်ဆန်းသစ်တီထွင်ထားသော ပလတ်စတစ်ပစ္စည်းများကို ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်ကဲ့သို့သော ဈေးကွက်ကြီးများကို ထိုးဖောက်လာနေကြောင်း၊ အလားအလာရှိသော ဈေးကွက်များမှာ တောင်အာဖရိက၊ အရှေ့အလယ်ပိုင်းနှင့် အိန္ဒိယနိုင်ငံများဖြစ်ကြောင်း အဆိုပါအသင်းမှ ပြောကြားသည်။

ပို၍ထုတ်လုပ်

ပလတ်စတစ်ထုတ်လုပ်သူများသည် မော်တော်ကားများ၊ မော်တော်ဆိုင်ကယ်များ၊ အီလက်ထရွန်နစ်ပစ္စည်းများနှင့် ရေနံလုပ်ငန်းများတွင် အသုံးပြုရန် ပလတ်စတစ်ထုတ်ကုန်များ ပို၍ထုတ်လုပ်လာကြောင်း အဆိုပါအသင်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရှာဖွေစစ်ဆေး

အီရတ်နိုင်ငံ ဟစ်မြို့၌ မသင်္ကာသူတစ်ဦးအား ရှာဖွေစစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီ ၈ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့လယ်ဈေးအတွင်း ဗုံးနှစ်လုံးပေါက်ကွဲ အနည်းဆုံး ခုနစ်ဦးသေဆုံးပြီး လူ၂၀ခန့်ဒဏ်ရာရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၉

ဘဂ္ဂဒက်မြို့လယ်ရှိ လူစည်ကားသည့် ဈေးတစ်ဈေးတွင် အင်္ဂါနေ့က ဗုံးနှစ်လုံး ရှေ့ဆင့်နောက်ဆင့် ပေါက်ကွဲသည့်အတွက် အနည်းဆုံး အီရတ် ခုနစ်ဦးသေဆုံးပြီး လူ ၂၀ခန့် ဒဏ်ရာရရှိသွားသည်။

ဒဏ်ရာရရှိ

ဘက်အယ်ရှာဂျီဒေသရှိ အယ်ဟာရက်ပြည်သူ့ဈေးအတွင်း စီဒီအရောင်းဆိုင်တစ်ဆိုင်အနီး ဗုံးပေါက်ကွဲသဖြင့် လူသုံးလေးဦး ဒဏ်ရာရသွားသည်။ အခင်းဖြစ်နေရာသို့ ကင်းလှည့်ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး မကြာမီမှာပင် နောက်ထပ်ဗုံးတစ်လုံး ပေါက်ကွဲကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

ပေါက်ကွဲ

မိနစ်အနည်းငယ်စီခြားပြီး ပေါက်ကွဲသည့် ဗုံးခွဲမှုနှစ်ခုကြောင့် အနည်းဆုံး အီရတ် ခုနစ်ဦးသေဆုံးပြီး ရဲတပ်ဖွဲ့ဝင်ငါးဦး အပါအဝင် လူ ၂၀ခန့် ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။

အသုံးပြု

ပြောက်ကျားများသည် အီရတ်ရဲများ အသေအပျောက်များပြားစေရန် ရည်ရွယ်လျက် ထပ်ဆင့်ဗုံးဖောက်ခွဲနည်းကို အသုံးပြုတတ်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်သေနတ်သမားများလက်ချက် ၂၄နာရီအတွင်း အီရတ်သုံးဦးသေဆုံး

ဘာကူဘာ ဖေဖော်ဝါရီ ၉

ဘဂ္ဂဒက်မြို့တော် အရှေ့မြောက်ဘက် ကီလိုမီတာ ၆၀ခန့် အကွာ ဘာကူဘာမြို့တွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း သီးခြားဖြစ်စဉ်များတွင် အီရတ်သုံးဦး သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က အင်္ဂါနေ့၌ ကြေညာလိုက်သည်။

အင်္ဂါနေ့နံနက်က ဘာကူဘာမြို့ ရဲစစ်ဆေးရေးဂိတ်ကို လက်နက်ကိုင်ဆောင်သူများက တိုက်ခိုက်သဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိသွားကြောင်း ဒီယာလာ ပူးတွဲညှိနှိုင်းရေးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ထိုသို့တိုက်ခိုက်ပြီးနောက် အီရတ်ရဲတပ်ဖွဲ့က မသင်္ကာသူအချို့ကို ဖမ်းဆီးလိုက်သည်။ ဘာကူဘာမြို့လယ် ဘောကက် လမ်းမကြီးအနီးတွင် သေနတ်သမားများက တနင်္လာနေ့ ညပိုင်းတွင် အီရတ် ရဲတပ်ဖွဲ့ဝင်တစ်ဦးကိုပစ်ခတ်လိုက်သည်ဟုလည်း ကြေညာချက်တွင် ဖော်ပြထားသည်။

ဘာကူဘာမြို့ပြင်တွင် သေနတ်သမားများက ကားမောင်းလာသော အရပ်သားတစ်ဦးကို ပစ်သတ်ပြီး မော်တော်ယာဉ်ကို ယူဆောင်သွားကြောင်း ဖော်ပြပါရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့် **ဆေးတက္ကသိုလ်(၁)(ရန်ကုန်) နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသားကျောင်းသူများအား မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အသင်း၏လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်း ပြောကြားစဉ်။** (မိခင်/ကလေး)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး(ဗဟို)သို့ ဆေးတက္ကသိုလ်(၁)(ရန်ကုန်)နောက်ဆုံးနှစ်ကျောင်းသားကျောင်းသူများ လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၉

ဆေးတက္ကသိုလ်(၁)(ရန်ကုန်) နောက်ဆုံးနှစ်အပိုင်း(က)ကျောင်းသားကျောင်းသူများသည် ဆေးတက္ကသိုလ်(၁)(ရန်ကုန်)ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ကထိကဒေါက်တာ ဒေါ်တင်တင်အေးနှင့် ဆရာ ဆရာမများ ဦးဆောင်လျက် ယနေ့နံနက် ၉ နာရီက မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)ဘက်စုံအဆောက်အအုံသို့ လာရောက်လေ့လာကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က အသင်းဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အသင်း၏လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင် ဆေးတက္ကသိုလ်(၁)(ရန်ကုန်)အပိုင်း(က)နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများ၏ မေးမြန်းမှုများကို အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ပြီး ကျောင်းသား ကျောင်းသူများသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဘက်စုံအဆောက်အအုံအတွင်းရှိ ရောဂါရှာဖွေရေးဆေးခန်းနှင့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများကို လှည့်လည်ကြည့်ရှု လေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြွန်တန်ဆာအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ပြွန်တန်ဆာအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်က ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ရက် (စနေနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ မဟာဝိဇယစေတီတော်အနီးရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ပြွန်တန်ဆာဒေသ နယ်သူနယ်သားများဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သို့ဖြစ်၍ အသက်(၇၅)နှစ်ပြည့်ပြီးသော အသင်းဝင်များနှင့်မိဘများစာရင်း၊ ၂၀၀၆ခုနှစ်တွင်နိုင်ငံတော်က ချီးမြှင့်သောဘွဲ့ထူး၊ ဂုဏ်ထူးရရှိသူများစာရင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိသော သားသမီးများ၏ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသော အမှတ်စာရင်းမိတ္တူတို့ကို နာယက ဦးဘသောင်း ဖုန်း–၂၂၁၇၈၀၊ ဥက္ကဋ္ဌ ဦးသောင်းလွင် ဖုန်း–၅၄၂၅၉၈၊ ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်အေး ဖုန်း–၆၆၃၀၈၅၊ ဒုတိယ ဥက္ကဋ္ဌ ဦးကျော်သိန်း ဖုန်း–၆၄၂၆၆၁၊ အတွင်းရေးမှူး ဦးစောလှ ဖုန်း–၂၉၈၈၂၇၊ တွဲဖက်အတွင်းရေးမှူး ဦးညွန့်ကြည် ဖုန်း–၅၀၁၇၀၄၊ တွဲဖက် အတွင်းရေးမှူး ဦးခင်ရွှေ ဖုန်း–၂၉၅၁၂၃၊အမှုဆောင်ဦးအောင်ကြည် ဖုန်း–၅၁၀၄၀၂၊ ဒေါ်လှမူမူ ဖုန်း–၅၁၁၁၅၈နှင့် ဒေါ်ခင်သက်နိုင် ဖုန်း–၃၇၁၇၂၀ တို့သို့ ဖေဖော်ဝါရီ ၁၅ရက်နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာန နဝဒေးရိပ်သာမိသားစု ဗဟန်းမြို့နယ်က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးချစ်လှိုင် လက်ခံယူစဉ်။ (က–ပ)

လောင်စာတွေကို ရှင်း

မီးဘေးအန္တရာယ် ကင်း

စာမျက်နှာ ၃ မှ

ယင်းအခြေအနေတွင် တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများဘက်က သစ္စာရှိရှိ တာဝန်သိသိရပ်တည်ခဲ့ပြီး စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့်အတွက် မြို့ပြအများစုသည်ငြိမ်းချမ်းမှုရခဲ့သော်လည်း ကျေးလက်တောရွာများ၊ အထူးသဖြင့် နယ်စပ်ဒေသများသည် ပြည်တွင်းလက်နက်ကိုင်ဆူပူမှု၏ ဆိုးမွေကို ခါးစည်းခံခဲ့ကြရကြောင်း၊ ယင်းဒေသများက တိုင်းရင်းသားပြည်သူများမှာလည်း ကျီးလန့်စာစားဘဝဖြင့် နှစ်ပေါင်းများစွာနေထိုင်ခဲ့ကြရပြီး တိုင်းရင်းသားအချင်းချင်းအထင်အမြင်လွဲမှားမှု၊ သံသယပွားမှုတို့ကြောင့် များစွာသော အသက်သွေးချွေးများဆုံးရှုံးခဲ့ကြရသည်ဆိုတာ အားလုံးအသိပင်ဖြစ်ကြောင်း။

အစိုးရအဆက်ဆက်အနေဖြင့် နိုင်ငံတော်ပြန်လည်ထူထောင်ရေး အစီအမံများကို မည်မည်ရရ ဆောင်ရွက်နိုင်မှုမရှိခဲ့ခြင်းများ၊ ပြန်လည်ထူထောင်ရေး အစီအစဉ်များသည် အဖျက်အမှောင့် လုပ်ရပ်များကြောင့် **“သမင်မွေးရင်း ကျားစားရင်း”**ဖြစ်ခဲ့ရသည်များကိုလည်း အားလုံးသိရှိကြပြီးဖြစ်ကြောင်း။

စိုက်ပျိုးဖြစ်ထွန်းသည့် လယ်ယာမြေများ၊ အဖိုးတန် သစ်များဖြင့်ပြည့်နှက်နေသည့်သစ်တောကြီးများ၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ သတ္တုမျိုးစုံနှင့် ကျောက်မျက်ရတနာများ၊ မြစ်ချောင်းအင်းအိုင်နှင့်ရေထွက်ပစ္စည်းများစသည့် သဘာဝသယံဇာတအရင်းအမြစ်များအလျှံပယ် ပေါကြွယ်ဝသည့် မြန်မာနိုင်ငံသည် သူတစ်လူငါတစ်မင်းဖြင့် စည်းလုံးညီညွတ်မှုနှင့်တည်ငြိမ်အေးချမ်းမှုမရှိခဲ့သည့်အတွက် အိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်လျှင် ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံတစ်နိုင်ငံအဖြစ်ကို ရောက်ရှိခဲ့ရကြောင်း။

စဉ်ဆက်မပြတ်အလေးပေး

တပ်မတော်အစိုးရ တိုင်းပြည်တာဝန်ယူခဲ့ရသည့်အချိန်တွင် ခေတ်အဆက်ဆက် မြန်မာနိုင်ငံဖြတ်သန်းခဲ့ရသည့် နိုင်ငံရေးအခြေအနေအရပ်ရပ်ကို အလေးအနက်သုံးသပ်ပြီး မြန်မာနိုင်ငံတော်သည် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်မှုခိုင်မြဲနေမှသာ ပြည်ထောင်စုကြီးကမ္ဘာတည်သရွေ့တည်တံ့ပြီး အချုပ်အခြာအာဏာလည်းရေရှည်ခိုင်မြဲမည်ဖြစ်သည့်အတွက် **“ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး”**ဆိုသည့် ပြည်ထောင်စု နိုင်ငံတော်နှင့် လိုက်လျောညီထွေရှိမည့် အမျိုးသားရေးမူဝါဒကိုချမှတ်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားပြန့်ပွားရေးတို့ကို စဉ်ဆက်မပြတ် အလေးပေး ဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်သဘောထား၊ တိုင်းရင်းသားများအပေါ်ထားရှိသည့် ဖြူစင်သည့်စေတနာ၊ ပီပြင်သည့်လုပ်ရပ်၊ တိုင်းရင်းသားအဖွဲ့အစည်းများ၏ ကြည်လင်သည့်အမြင်၊ ရိုးဖြောင့်သည့်ဦးတည်ချက်များပေါင်းစုမိကြသည့်အခါတွင် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းအများစုသည် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့်အတွက် နှစ် ၄၀ ကျော်ကြာ ပျောက်ကွယ်ဆုံးပါးနေခဲ့သည့် နိုင်ငံတည်ငြိမ်အေးချမ်းမှုသည် ပြန်လည်ဖြစ်ထွန်းပြီး နိုင်ငံတစ်ဝန်းလုံးကို ဖြန့်ကြက်လွှမ်းမိုးလာနိုင်ခဲ့ကြောင်း။

ဆန့်ကျင်တားဆီး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ပြည်ထောင်စုမပြိုကွဲရေးနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် သော့ချက်ဖြစ်သည်နှင့်အညီ နိုင်ငံသားတိုင်းက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးခိုင်မြဲအောင် ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်သကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုထိပါးမည့်လုပ်ရပ်များကို ဆန့်ကျင်တားဆီးရန်လိုမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မြဲစေရန်၊ တိုင်းရင်းသားအချင်းချင်း အနေနီးအောင်၊ ကူးလူးဆက်ဆံမှု များပြားအောင် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ဘဏ္ဍာငွေ အမြောက်အမြားအကုန်အကျခံ တည်ဆောက်ပေးနေကြောင်း၊ နိုင်ငံတော်၏ပထဝီအနေအထားအရ ရေမြေခြားနားနေမှုများကိုကျော်လွှားပြီး ရေမြေမခြားဘဲ တစ်ဆက်တစ်စပ်တည်းဖြစ်ရအောင် ပြည်ထောင်စုအတွင်း နယ်စပ်ဒေသများပါမကျန် လမ်းတံတားများကို ကွန်ရက်သဖွယ် တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။

အချိုးကျကျစီမံဆောင်ရွက်

တိုင်းရင်းသားများအတွင်း တစ်ဦးအပေါ်တစ်ဦး အထင်အမြင်လွဲမှားမှုများ၊ သံသယစိတ်များကင်းစင်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုဖြစ်ထွန်းရန်အတွက် တိုင်းရင်းသားအားလုံး၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မှု ဆူကြုံနိမ့်မြင့်ကွာဟချက်နည်းနိုင်သမျှနည်းအောင်၊ နိုင်ငံတော်၏ဒေသအားလုံး အချိုးကျကျ ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးရန်လိုကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းဆိုသည့် ဖွံ့ဖြိုးရေးစီမံကိန်းကြီးသုံးရပ်ကို တစ်ပြိုင်တည်းအရှိန်အဟုန်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ယင်းစီမံကိန်းကြီးများသည် တိုင်းရင်းသားများအတွင်း လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘက်စုံထောင့်စုံကဏ္ဍစုံမှက အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန် ချမှတ်အကောင်အထည်ဖော်နေသည့် စီမံကိန်းကြီးများဖြစ်ပြီး နယ်စပ်ဒေသများအပါအဝင် အခြေခံအကျဆုံးပြည်သူများဖြစ်သည့် ကျေးလက်နေ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို အကျိုးပြုသည်နှင့်အမျှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဆောင်ကြဉ်းသွားမည့် စီမံကိန်းများဖြစ်ကြောင်း။

ယင်းစီမံကိန်းကြီးများအကောင်အထည်ပေါ်ဖြစ်ထွန်းမှုနှင့်အတူ တစ်နိုင်ငံလုံး အချိုးကျကျဖွံ့ဖြိုးတိုးတက်လာခြင်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အပြန်အလှန်အားဖြင့် အထောက်အကူပြုသွားမှာဖြစ်ကြောင်း။

ယခုဆိုလျှင် ပြည်ထောင်စုကြီးအေးချမ်းသာယာဝပြောစွာနှင့် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေး၊ တစ်မျိုးသားလုံး လိုလားတောင့်တအပ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးတို့အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယင်းနိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးနှင့် အဓိကအကျဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကြီးကို အောင်အောင်မြင်မြင် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ကျေပွန်စွာပါဝင်ထမ်းရွက်

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဥမကွဲသိုက်မပျက် အစွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် တိုင်းရင်းသားပြည်သူ အားလုံးအတွက် အသက်တမျှ အရေးပါသည်ဆိုသည်ကို စွဲမြဲစွာယုံကြည်ခံယူကြပြီး အမျိုးသားညီလာခံကြီး အောင်မြင်ဖြစ်ထွန်းရေးက စ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ပေါ် ပြည့်မြောက်သည်အထိ မိမိတို့ကျရာအခန်းကဏ္ဍက အမျိုးသားရေးတာဝန် ကျေပွန်စွာ ပါဝင်ထမ်းဆောင်သွားကြပါဟု တိုက်တွန်းလိုကြောင်း။

ယခုကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာတောင့်တင်းနေချိန်၊ နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများ တစ်စိတ်တစ်ဝမ်းတည်း လက်တွဲညီညီ အားသွန်ခွန်စိုက် အကောင်အထည်ဖော်လျက်ရှိနေချိန်၊ နိုင်ငံတော်နှင့် တိုင်းရင်းသားအားလုံးအတွက် အသက်တမျှ အရေးကြီးသည့် အမျိုးသားညီလာခံကြီး အရှိန်အဟုန်ဖြင့် ကျင်းပနေချိန်တွင် ကိုလိုနီနယ်ချဲ့ လက်သစ်နိုင်ငံကြီးအချို့က အမျိုးသားသစ္စာဖောက် ပုဆိန်ရိုးတစ်စုကို အသုံးချပြီး တိုင်းရင်းသားပြည်သူများအတွင်း စည်းလုံးညီညွတ်မှု ပြိုကွဲအောင်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးအောင်၊ အမျိုးသားညီလာခံကြီး ပျက်ပြားအောင် ဟန့်တားနှောင့်ယှက်မှုများ နည်းမျိုးစုံသုံးပြီး ဆောင်ရွက်နေကြသည့် အတွက် ယင်းအန္တရာယ်များကို အမျိုးသားရေးသတိဖြင့် ကာကွယ်သွားကြရန် လိုမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီးထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံး ညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသား အားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

ဆိုသည့် ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို အလေးအနက် ခံယူကြပြီး ပြည်ထောင်စုကြီး၏ အကျိုးစီးပွားကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

10-2 (06).p65 1 3/29/1905, 9:19 PM

❋ ကျောဖုံးမှ

ဆက်လက်၍ ပြည်ထောင်စုအလံတော်ကို ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် ရဲအရာရှိ လေးဦး၊ ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများ ခြံရံလိုက်ပါကာ သယ်ဆောင်လာပြီး ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

သောင်းသောင်းဖြဖြကြိုဆို

ထို့နောက် ပြည်ထောင်စုအလံတော်ကို ပြည်ထောင်စုလှေဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်မှ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သို့ သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားလမ်းအတိုင်း သယ်ဆောင်လာပြီး ရန်ကုန်–သန်လျင်တံတားကို ဖြတ်သန်း၍ သယ်ဆောင်လာရာ ရန်ကုန်တောင်ပိုင်းခရိုင်မှ ပြည်သူလူထု ထောင်ပေါင်းများစွာက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုအလံတော်ကို ပြည်ထောင်စုလှေဖြင့် ဧရာဝဏ်လမ်း၊ သာကေတအပိုင်းမှတစ်ဆင့် ဧရာဝဏ်လမ်း၊ မင်းနန္ဒာလမ်းအတိုင်း သုဝဏ္ဏတံတားကို ဖြတ်သန်းပြီး ဝေဇယန္တာလမ်း၊ သံသုမာလမ်းမှတစ်ဆင့် ငမိုးရိပ်တံတားကို ဖြတ်သန်းကာ အမှတ်(၂) လမ်းမကြီးအတိုင်း ခမ်းနားထည်ဝါစွာဖြင့် သယ်ဆောင်လာကြရာ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် တို့မှ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စက်ရုံ၊ အလုပ်ရုံများနှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ပြည်သူများ စုစုပေါင်း အင်အား ၁၂၀၀၀၀ ကျော်တို့က လမ်းဘေး ဝဲယာတစ်လျှောက်၌ ပြည်ထောင်စုအလံများလွှင့်ထူ၍ လည်းကောင်း၊ ရောင်စုံအလံများစိုက်ထူ၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများဖြင့် လည်းကောင်း၊ ပြည်ထောင်စုအလံငယ်များ ဝှေ့ယမ်း၍ လည်းကောင်း၊ **"(၅၉)နှစ်မြောက် ပြည်ထောင်စုအလံတော်အား လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုပါ၏"** စာတန်းပါ လမ်းဖြတ်ပိုစတာများ ချိတ်ဆွဲ၍လည်းကောင်း လှိုက်လှိုက်လှဲလှဲ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို အလေးပြုကြသည်။

စည်တော်ရှမ်း၍ဂုဏ်ပြု

ယင်းနောက် ပြည်ထောင်စုအလံတော်ကို သယ်ဆောင်လာသည့် ပြည်ထောင်စုလှေသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကြိုဆိုရေးမုခ်ဦးသို့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရောက်ရှိပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ပြည်ထောင်စုအလံတော်ကို အလေးပြု၍ နုတ်ယူပြီး တပ်မတော် (ကြည်း၊ရေ၊လေ)နှင့် ရဲအရာရှိ လေးဦး၊ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများခြံရံလျက် သယ်ဆောင်ကာ ပြည်ထောင်စုလမ်း၌ အသင့်စောင့်ဆိုင်းနေသော ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးသိန်းဇော် ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းဦး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်ကျော်လွင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဒေါပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဇင် ခေါင်းဆောင်သောအလံတော်သယ်ယူ

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ပြည်ထောင်စုအလံတော်ကို ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းသို့ အလံတော်သယ်ယူရေးအဖွဲ့များက လက်ဆင့်ကမ်းသယ်ဆောင်လာစဉ်။ (သတင်းစဉ်)

သယ်ယူရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးသိန်းဇော် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့က ပြည်ထောင်စုအလံတော်ကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းအတိုင်း သယ်ဆောင်လာကာ တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြင့်လွင် ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပြီး ထိုမှတစ်ဆင့် ပြည်ထောင်စုအလံတော်ကို တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းလှမောင်ကြီး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်တိုး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ကျော်လွင် ရေးအဖွဲ့၊ မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သာကေတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ခိုင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အရာခံဗိုလ် သိန်းနိုင်(အငြိမ်းစား) ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့တို့က ပြည်ထောင်စုလမ်းအတိုင်း သယ်ဆောင်လာကြကာ ပြည်ထောင်စုလမ်းနှင့် ပုလဲရတနာလမ်းထောင့်အရောက်၌ ဦးဇော်မျိုးလွင် ခေါင်းဆောင်သော ရန်ကုန်အရှေ့ပိုင်းခရိုင် စက်မှုဇုန် အလံတော်သယ်ယူရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)သို့ သယ်ဆောင်

ထိုမှတစ်ဆင့် ပြည်ထောင်စုအလံတော်ကို ရန်ကုန်အရှေ့ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတိုးလင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ခရိုင် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ရဲသူရိန်အောင်ဝင်းစိန် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ အခြေခံပညာ အထက်တန်းကျောင်းမှအထက်တန်းပြဆရာမ ဒေါ်သင်းသင်းနိုင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး မျိုးမင်းနောင် ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ကျော်မိုး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့တို့က ပုလဲရတနာလမ်းအတိုင်း အဆင့်ဆင့်လက်ဆင့်ကမ်းသယ်ဆောင်ကြပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းအတွင်း သတ်မှတ်နေရာအရောက်၌ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ပညာရေးအဖွဲ့ ခေါင်းဆောင် ဒေါ်လှဲ့လှဲ့ဆွေ ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဒေါ်လှဲ့လှဲ့ဆွေ ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့က ပြည်ထောင်စုအလံတော်ကို သယ်ဆောင်လာပြီး ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်ပြီး ဆက်လက်သယ်ဆောင်လာကာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်း အထူးတန်းပွဲကြည့်စင်ရှေ့၌ ပြည်ထောင်စုအလံတော်ကို ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က တပ်မတော်(ကြည်း၊ ရေ၊လေ)နှင့် ရဲအရာရှိ လေးဦး၊ ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများ ခြံရံလိုက်ပါ၍ ပြည်ထောင်စုအလံတော်ကို သယ်ဆောင်လာပြီး နံနက် ၈ နာရီ၃၅ မိနစ်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အားကစားကွင်း စင်မြင့်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

အလေးပြု

ယင်းနောက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းအတွင်း အသင့်ရောက်ရှိ နေရာယူထားကြသော ရန်ကုန် အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်မှ ပြည်သူလူထုက ရန်ကုန်တိုင်း စစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုအလံတော်ကို အလေးပြုကြရာ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အားကစားကွင်း စင်မြင့်ရှိ ငွေဖလား၌ တစ်ညတာ ရပ်နားလျက်ရှိသော ပြည်ထောင်စုအလံတော်ကို နံနက်ပိုင်းမှစတင်၍ လာရောက် အလေးပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ပြည်ထောင်စုအလံတော် တစ်ညတာ ရပ်နားသည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်း၌ ဖေဖော်ဝါရီ ၈ ရက် ညနေပိုင်းမှစ၍ ဝန်ကြီးဌာန ခုနစ်ခုမှ ပြခန်း ၁၁ ခန်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ စက်မှုဇုန်များမှ မော်တော်ယာဉ်ထုတ်လုပ်ရေး ပြခန်း ၆၄ ခန်း၊ ထုတ်ကုန်ပစ္စည်း အရောင်းပြခန်း ၆၈ ခန်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ ရန်ပုံငွေ အရောင်းဆိုင် ၂၈ ဆိုင်၊ ပုဂ္ဂလိက လူသုံးကုန်ပစ္စည်း အရောင်းဆိုင်နှင့် စားသောက်ဆိုင် ၄၃ ဆိုင် စုစုပေါင်း ပြခန်းနှင့် အရောင်းဆိုင်များ ၂၁၄ ခန်း တို့ကို ဖွင့်လှစ်ပြသ ရောင်းချလျက်ရှိရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများသည် ယနေ့နံနက်ပိုင်းတွင် ပြခန်းများနှင့် အရောင်းဆိုင်များကို လိုက်လံကြည့်ရှု အားပေးကြသည်။

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အားကစားကွင်း၌ နယ်လှည့် ပြည်သူ့ဆက်ဆံရေးအငြိမ့်အဖွဲ့၊ မြဝတီအငြိမ့်အဖွဲ့၊ မော်ကွန်းရုပ်ရှင်၊ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် မြန်မာ့ဆိုင်းအဖွဲ့များဖြင့် ဖျော်ဖြေလျက်ရှိရာ ကြည့်ရှုလေ့လာ ဝယ်ယူအားပေးသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ညပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်း၌ မီးရောင်စုံများဖြင့် ထွန်းညှိထားရာ လှပဝေဆာလျက်ရှိသည်။ **(သတင်းစဉ်)**

သမိုင်းအထူးပြုကျောင်းသား ကျောင်းသားသူဟောင်းများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တက္ကသိုလ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၂၆ ရက် နံနက် ၈ နာရီခွဲမှ ၁၀ နာရီအထိ တက္ကသိုလ်များမွှော်ရုံတွင် ကျင်းပမည်ဖြစ်ပြီး ဆဋ္ဌမအကြိမ် မိတ်ဆုံ ညစာစားပွဲကို ယင်းနေ့ညနေ ၆ နာရီမှ ၉ နာရီအထိ M-3 Food Centreတွင် ကျင်းပမည်ဖြစ်သည်။ အလှူငွေများနှင့် ညစာစားပွဲလက်မှတ်များကို ဦးဉာဏ်ဝင်း ဖုန်း–၂၀၃၁၅၄၊ ဦးနန်းအောင် ဖုန်း–၅၇၉၈၃၈၊ ဦးမျိုးမြင့် ဖုန်း–၇၂၁၅၂၂၊ ဦးမျိုးလွင် ဖုန်း–၀၉၅၁၀၃၃၅၅၊ ဒေါ်စုစုနိုင် ဖုန်း–၀၉၅၁၀၁၇၀၅၊ ဦးကျော်ထွန်း ဖုန်း–၀၉၅၁၀၃၃၂၆၊ ဦးကိုကိုနိုင် ဖုန်း–၀၉၅၀၁၉၄၈၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပစဉ် အလုံလမ်းနှင့် ရှင်စောပုလမ်းအကြားရှိ ပြည်လမ်းမကြီးကို ခေတ္တပိတ်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ၁၂ရက်တွင်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပစဉ်ကာလအတွင်း နံနက် ၆ နာရီမှ ၉ နာရီအထိ ပြည်သူ့ရင်ပြင်ရှေ့ အလုံလမ်းနှင့် ရှင်စောပုလမ်းအကြား ပြည်လမ်းမကြီးကို ခေတ္တပိတ်ထားမည်ဖြစ်ပါ၍ ခရီးသွားပြည်သူများအနေဖြင့် ယင်းအချိန်အတွင်း အခြားလမ်းကြောင်းမှ ရှောင်ကွင်းမောင်းနှင်နိုင်ပါရန် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ထာဝစဉ်စည်းလုံး ညီညွတ်စွာဖြင့် ချီတက်ကြပါစို့

မြင့်စိုး

အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ထူးမြတ်သော (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခါသမယပင် ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟု ဖြစ်တည်နေသည့် ဘူမိနက်သန် နယ်မြေကြီးအတွင်းတွင် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာကပင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော် ပွားစီးနေထိုင်ခဲ့ကြပြီး မြန်မာလူမျိုးအဖြစ် သမိုင်းအစဉ်အဆက် ဆင့်ပွားတိုးတက်လာခဲ့သည်မှာ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ အမျိုးသားရေးဂုဏ်ဒြပ်ပင် ဖြစ်သည်။

မိမိတို့ တိုင်းရင်းသားလူမျိုးများအတွင်း သုခ၊ ဒုက္ခအပေါင်းကို အေးအတူ ပူအမျှ ဝေမျှခံစားလျက် ခွဲခြားမရသည့် မိသားစုကြီးအဖြစ် ပေါင်းစည်းယှက်နွယ် နေထိုင်လာခဲ့ကြသည်။

ထိုအစဉ်အလာကောင်းများက ဖန်တီးဖော်ဆောင်ခဲ့သည့် အကျိုးရလဒ်ကောင်းများကြောင့် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် ထွန်းပြောင် မြင့်မားသော **“မြန်မာ”**ဟူသည့် တလုံးတစည်းသော လူမျိုးအဖြစ် တိုးတက်ဖြစ်ထွန်းလာခဲ့ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် အာရှတိုက် အရှေ့တောင်ပိုင်း၌ တည်ရှိပြီး လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်မှစ၍ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော နိုင်ငံအဖြစ် ပေါ်ထွန်းရပ်တည်လာခဲ့သည်။

ပထဝီဝင်အနေအထားအရ ပြည်ထောင်စု မြန်မာနိုင်ငံသည် အိမ်နီးချင်းများအဖြစ် မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်တွင် လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်၊ အနောက်ဘက်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ အကျယ်အဝန်းမှာ ဧရိယာစတုရန်းမိုင်ပေါင်း ၂၆၁၂၂၈ မိုင်ရှိပြီး အရှေ့နှင့်အနောက် ၅၈၂မိုင် ကျယ်ဝန်းကာ တောင်နှင့်မြောက် ၁၂၇၅ မိုင်ရှည်လျားသည်။ နယ်နိမိတ်အားဖြင့် မိုင်ပေါင်း ၅၂၀၀မျှ ရှည်လျားပြီး အိမ်နီးချင်းနိုင်ငံများနှင့် မိုင်ပေါင်း ၃၈၀၈မိုင် ဆက်စပ်လျက်ရှိသည်။ ရေမိုင်အားဖြင့် မြောက်ဘက် နတ်မြစ်ဝမှ တောင်ဘက် ဘုရင့်နောင်အငူအထိ ၁၃၈၅မိုင်ခန့် ရှည်လျားကာ ကမ်းရိုးတန်းနှင့်ကမ်းခြေတို့မှ သီးသန့်စီးပွားရေးဇုန်အထိ ဧရိယာ စတုရန်းမိုင်ပေါင်း ၁၄၀၀၀ ကျော် ပိုင်ဆိုင်ထားသည်။ တစ်နိုင်ငံလုံး၏ ၅၁ ရာခိုင်နှုန်းကို သစ်တောများ ဖုံးလွှမ်းနေပြီး သစ်တောဧရိယာ စတုရန်းမိုင်ပေါင်း ၁၃၀၀၀၀ကျော်ရှိသည်။ မြေမျက်နှာသွင်ပြင်အားဖြင့် ကုန်းမြင့်တောင်တန်း၊ ချိုင့်ဝှမ်းလွင်ပြင်များအတွင်း မြစ်ကြီး၊ မြစ်ငယ်အသွယ်သွယ်တို့ ပေါင်းစည်း ဆက်နွယ်နေသော တိုင်းပြည်ဖြစ်သည်။ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်နှင့် စစ်တောင်းဟူသည့် မြစ်ကြီးလေးစင်း တသွင်သွင် စီးဆင်းနေပြီး ဧရာဝတီမြစ်သည် မိုင်၁၀၀၀ ကျော်မျှ ရှည်လျားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ပြည်နယ်ခုနစ်ပြည်နယ်နှင့် တိုင်းခုနစ်တိုင်းတို့ဖြင့် ဖွဲ့စည်းတည်ထောင်ထားရာ တိုင်းခုနစ်တိုင်းမှာ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်းနှင့် မကွေးတိုင်းတို့ဖြစ်ကြသည်။ ပြည်နယ်ခုနစ်ပြည်နယ်အဖြစ် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ဖြစ်ကြသည်။

ထိုကဲ့သို့ ပြည်နယ်နှင့်တိုင်း အသီးသီးတို့သည် တစ်တိုင်းနှင့်တစ်တိုင်း၊ တစ်ပြည်နယ်နှင့်တစ်ပြည်နယ် ကူးလူးယှက်နွယ် ချစ်ကြိုးသွယ်လျက် စုစည်း တည်ထောင်ဖြစ်တည်ခဲ့သည်မှာ ရှေးနှစ်ပေါင်း အတိတ်ကာလ ကတည်းကပင် ဖြစ်သည်။ ယင်းပြည်နယ်နှင့်တိုင်းတို့၌ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းအစရှိသော ပြည်ထောင်စုဖွား တိုင်းရင်းသားမျိုးနွယ်စု တစ်ရာကျော်တို့သည် အသီးတစ်ရာ အညှာတစ်ခု မဏ္ဍိုင်ပြု၍ ကျောချင်းကပ် ရင်ချင်းအပ်ကာ မိသားစုစိတ်ဓာတ်ဖြင့် အစွန့်ရှည်စွာ မှီတင်းနေထိုင်လာခဲ့ကြသည်။

၂၀၀၆ ခုနှစ် ဇန်နဝါရီ၂၀ရက်က ပြည်သူ့လွှတ်တော်အဆောက်အအုံ မင်္ဂလာခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၇)မှ သင်တန်းသား၊ သင်တန်းသူများအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

“မိမိတို့နိုင်ငံတော်အတွင်း တိုင်းရင်းသားများသည် လူမျိုးတစ်မျိုးစီ၊ နေရာဒေသတစ်ခုစီ၌ သီးခြားနေထိုင်ကြသည်မဟုတ်ဘဲ တိုင်းရင်းသား လူမျိုးများအားလုံးသည် နယ်မြေဒေသတိုင်း၌ ရှေးပဝေသဏီကပင် အတူတကွ နေထိုင်လာခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ တိုင်းရင်းသားလူမျိုးများသည် ပင်ကိုအားဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး စိတ်ဝမ်းမကွဲဘဲ ရှိနေကြသော လူမျိုးများဖြစ်ကြောင်း။

ပင်ကိုအားဖြင့် တည်ရှိပြီးဖြစ်သည့် ထိုပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများကို ပိုမိုတောင့်တင်းခိုင်မာအောင် တည်ဆောက်ကြရမှာ ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် တောင့်တင်းခိုင်မာမှသာ မိမိတို့ ပြည်ထောင်စုကြီး၏ နယ်နိမိတ်သည် အမြဲတမ်း တည်တံ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည်လည်း အစဉ်ထာဝရ တည်မြဲနေမှာ ဖြစ်ကြောင်း။

ပြည်ထောင်စု စိတ်ဓာတ်ဆိုသည်မှာ မည်သည့်အဖွဲ့အစည်း၊ မည်သည့်လူမျိုး၊ မည်သည့်အယူဝါဒကိုမျှ အခြေခံသည့် စိတ်ဓာတ်မဟုတ်ဘဲ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေး စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန် အရေးသုံးပါးမှာလည်း ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးနှင့် သက်ဆိုင်သည့် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ထမ်းရွက်ရမည့် အမျိုးသားရေး တာဝန်များပင် ဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားခိုင်မြဲရေး ဆောင်ရွက်ရာတွင် အတွေးအခေါ် အယူအဆပိုင်း သက်သက်၊ သဘောတရားရေး သက်သက်ဖြင့် တည်ဆောက်၍မရနိုင်ဘဲ လက်တွေ့ပိုင်းဖြင့် ပေါင်းစပ်ပေးနိုင်ရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုကြီး တစ်ရပ်လုံး မျှတစွာ ဖွံ့ဖြိုး တိုးတက်လာစေရအောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး စီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဟူသော ဖွံ့ဖြိုးရေး စီမံကိန်းသုံးရပ်ကို တစ်ပြိုင်တည်း ပေါင်းစည်း ဆက်စပ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိကြောင်း”

ဖြင့် တိုင်းရင်းသားပြည်သူများကိုပါ အသိပေး မိန့်ကြားသွားခဲ့သည်။

ယနေ့ တပ်မတော်အစိုးရက ၁၉၈၈ခုနှစ်နောက်ပိုင်း နိုင်ငံတော်၏ အချုပ် အခြာအာဏာကို လွှဲပြောင်းရယူပြီးချိန်မှစ၍ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မြှင့်တင်ဖော်ထုတ်ပေးရန်အတွက် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဦးတည်ချက်များ အခိုင်အမာချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ယင်းကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှုကြောင့် မျက်မှောက်ကာလတွင် ကဏ္ဍအသီးသီး၌ တိုးတက်ဖြစ်ထွန်းလာနေပြီ ဖြစ်သည်။

ထိုကဏ္ဍအသီးသီးများအနက်မှ အချို့ကိုတင်ပြရလျှင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် ယခင်က အေးချမ်း ဖွံ့ဖြိုးမှုမရှိသည့် ဒေသများသည် ယခုအခါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့များ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုများနှင့်အတူ ငြိမ်းချမ်းဖွံ့ဖြိုးနေပြီ ဖြစ်သည်။

ယင်းကဲ့သို့ ငြိမ်းချမ်းမှုနှင့်အတူ အခြေခံအဆောက်အအုံများဖြစ်သည့် ဆေးရုံ ဆေးပေးခန်းများ၊ ကျောင်းများ၊ ဆက်သွယ်ရေးလုပ်ငန်း၊ လမ်း၊ တံတားများ တည်ဆောက်ဖွင့်လှစ်ပေးနိုင်သည့်အပြင် အခြေခံ စီးပွားရေး လုပ်ငန်းများကိုပါ ထူထောင်ပေးနိုင်ခဲ့ပြီဖြစ်သည်။ နယ်စပ်ဒေသ လူမှု စီးပွားရေး အခြေအနေများသည် မျှော်မှန်းသည်ထက် တိုးတက် အောင်မြင်ခဲ့သည်။

တစ်ဖန်စိုက်ပျိုးရေးကဏ္ဍကိုကြည့်ပါလျှင် ၁၉၈၈ခုနှစ်ကာလက မြန်မာနိုင်ငံ၏ စိုက်ပျိုးမြေဧရိယာမှာ ဧက ၂၄ ဒသမ ၈သန်းသာရှိခဲ့သည်။ မြေလွတ်မြေရိုင်းဧက ၂၀ဒသမ ၈သန်း ကျန်ရှိနေသေးသည်။ ထိုစဉ်က စပါးစိုက်ဧက ၁၁သန်းခွဲကျော်ရှိရာမှ ယခုအခါ မိုးစပါးဧက ၁၂သန်းနှင့် နွေစပါးဧက လေးသန်း စုစုပေါင်းဧက ၁၆ သန်း စိုက်ပျိုးပြီး စပါးတင်းသန်း ၁၀၀၀ထွက်ရှိရေးအတွက် နည်းလမ်းအသွယ်သွယ်ဖြင့် ဖြည့်ဆည်း စီမံပေးခဲ့သည်။

မိမိတို့နိုင်ငံတော်အတွင်း တိုင်းရင်းသားများသည် လူမျိုးတစ်မျိုးစီ၊ နေရာဒေသတစ်ခုစီ၌ သီးခြားနေထိုင်ကြသည်မဟုတ်ဘဲ တိုင်းရင်းသားလူမျိုးများအားလုံးသည် နယ်မြေဒေသတိုင်း၌ ရှေးပဝေသဏီကပင် အတူတကွ နေထိုင်လာခဲ့ခြင်းဖြစ်၊

ထို့ကြောင့် မိမိတို့ တိုင်းရင်းသားလူမျိုးများသည် ပင်ကိုအားဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး စိတ်ဝမ်းမကွဲဘဲ ရှိနေကြသော လူမျိုးများဖြစ်။

ပြည်ထောင်စုအားမာန်

❀ မင်းနဲ့ငါ ငါနဲ့မင်း
သွေးချင်းညီအစ်ကို ဆွေမျိုးချင်း
ရိုင်းပင်းကူညီ အသင်းအပင်း
အတင်းအဖျင်းမဆို ဒို့အချင်းချင်း။

❀ မြေပြန့်မှာနေ မျိုးဆွေများ
တောင်ပေါ်မှာနေ သားချင်းများ
ရေမြေထုံးစံ ခြားသော်ငြား
ပြည်ထောင်စုဖွား တိုင်းရင်းသား
ရေကိုသားလို့ မထင်အကြား။

❀ ပြည်ထောင်စုဖွား၊ တိုင်းရင်းသားတွေ
တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်
တစ်ယောက်ကအားလုံး၊ လက်ရုံးမြားမြောင်
ဉာဏ်မြားမြောင်နှင့်၊ စွမ်းဆောင်ကြလျှင်
အဆိုးမြင်ပုဆိန်ရိုး၊ ဘယ်ရန်မျိုးမျှ
ဒို့ကမကြောက် ဒူးမထောက်။
ဘယ်သူခြောက်ခြောက် လက်မမြှောက်။
ပန်းတိုင်အရောက် ခရီးပေါက်။ ။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အား ကြိုဆိုဂုဏ်ပြုလျက်-

ဖိုးရန်နိုင်(ကျောက်ကြီး)

တပ်မတော်အစိုးရလက်ထက်

ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကရင်ပြည်နယ်

ကရင်ပြည်နယ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အရှေ့တောင်ဘက်ပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၁၁၇၃၀ ကျယ်ဝန်းသည်။ ကရင်၊ ပအိုဝ်း၊ ချင်း၊ မွန်၊ဗမာ၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသား မျိုးနွယ်စုများ အတူတကွ ပူးပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုငယ် တစ်ခုအသွင် တည်ရှိနေသည်။ လက်ရှိလူဦးရေ ၁၆၅၃၀၀၀ ခန့်ရှိသဖြင့် ပျမ်းမျှ လူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၁၄၅ ဦး ဖြစ်သည်။

လွင်ပြင်၊ တောင်တန်းနှင့် သစ်တောများ ဆက်စပ်နေသော ပြည်နယ်ဖြစ်သည်။ ပြည်နယ်၏ အရှေ့ဘက်ပိုင်းတွင် တောင်တန်းများသည် မြောက်ဘက်မှ တောင်ဘက်သို့ သွယ်တန်းနေပြီး ပြည်နယ် အနောက်ဘက်ပိုင်းတွင် မြေနိမ့်လွင်ပြင်များ တည်ရှိသည်။ ပြည်နယ်အတွင်း၌ သံလွင်၊ သောင်ရင်း၊ အတ္တရံ၊ ဂျိုင်းမြစ် စသည့် မြစ်ကြီးများ စီးဆင်းလျက်ရှိသည်။

ကရင်ပြည်နယ်သည် မြေသယံဇာတ၊ ရေသယံဇာတကြွယ်ဝသည်နှင့်အမျှ နိုင်ငံတော်၏ အားပေးမြှင့်တင်မှုနှင့် ပြည်နယ်သူပြည်နယ်သားတို့၏ ကြိုးပမ်းအားထုတ်မှုတို့ကြောင့် စိုက်ပျိုးရေးစွမ်းအားများ တိုးတက်မြင့်မားလာခဲ့သည့်အပြင် ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ပြည်သူများ လူမှုဘဝ မြင့်မားတိုးတက်စေမည့်အခြေခံအဆောက်အအုံများပါ ဖြစ်ထွန်းကြက် ဖြစ်ထွန်းလာသည်။

ကရင်ပြည်နယ်သည် အခြားပြည်နယ်နှင့်တိုင်းများ နည်းတူ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာနိုင်ရန်အတွက် ၁၉၈၈ခုနှစ်ကာလနှင့် မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ပြပါအတိုင်း တွေ့မြင်နိုင်ပေသည်။ ။

ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်းစေသည့် ဘီလပ်မြေစက်ရုံ(ဘားအံ)ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



ကရင်ပြည်နယ် မြိုင်ကလေးမြို့မှ ဘားအံမြို့သို့ ဆက်သွယ်သွားလာနိုင်ရန် သံလွင်မြစ်ကို ဖြတ်ကျော်တည်ဆောက်ပေးထားသော သံလွင်မြစ်ကူးတံတား(ဘားအံ)ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ

အမျိုးအမည်	၁၉၈၈	၂၀၀၆	တိုးတက်မှု
စိုက်ပျိုး/မွေးမြူရေး			
စိုက်ပျိုးမြေ (ဧက)	၆၆၆၁၉၄	၈၃၇၄၆၆	၁၇၁၂၇၂
ဆည်မြောင်း၊ တာတမံ	၂၂	၂၃	၁
မြစ်ရေတင်လုပ်ငန်း	–	၅	၅
မိုးစပါးစိုက် (ဧက)	၃၈၃၀၆၉	၄၉၂၀၃၂	၁၀၈၉၆၃
နွေစပါးစိုက် (ဧက)	–	၁၀၂၀၃၁	၁၀၂၀၃၁
ဆီထွက်သီးနှံစိုက် (ဧက)	၂၄၅၈၀	၄၈၅၁၄	၂၁၉၃၄
ငါးမွေးမြူရေးကန် (ဧက)	၉၆	၃၂၆	၂၃၀
ပုစွန်မွေးမြူရေးပြင်	–	၈၀	၈၀
သစ်တောပြုစုပျိုးထောင်မှု			
သစ်တောစိုက်ခင်း (ဧက)	၄၀၀	၇၈၄၀	၇၄၄၀
လမ်းပန်းဆက်သွယ်ရေး			
ကားလမ်း (မိုင်)	၅၅၄	၇၇၁	၂၁၇
ကတ္တရာလမ်း (မိုင်)	၂၀၁	၃၄၀	၁၃၉
ကျောက်လမ်း (မိုင်)	၄၅	၁၀၈	၆၃
ပေ ၁၈၀ အထက်တံတား	၈	၁၃	၅
ပေ ၁၈၀ အောက်တံတား	၁၁၇	၂၆၃	၁၄၆
စွမ်းအင်ဖွံ့ဖြိုးမှု			
သဘာဝဓာတ်ငွေ့ပိုက်လိုင်း (မိုင်)	–	၄၂	၄၂
လျှပ်စစ်စွမ်းအား			
ဓာတ်အားသုံးစွဲမှုယူနစ် (သန်း)	၁၀ဒသမ၂၇၄	၂၈၆ဒသမ၉၉၈	၂၇၆ဒသမ၇၂၄
ပညာရေး			
အခြေခံပညာအဆင့်			
မူလတန်းကျောင်း	၁၀၆၄	၁၁၆၃	၉၉
အလယ်တန်းကျောင်း	၆၅	၇၇	၁၂
အထက်တန်းကျောင်း	၂၀	၅၅	၃၅
ဆရာ/ဆရာမဦးရေ	၄၁၁၆	၅၆၂၅	၁၅၀၉
ကျောင်းသားဦးရေ	၁၃၃၇၇၇	၂၁၉၈၁၉	၈၆၀၄၂
အဆင့်မြင့်ပညာအဆင့်			
တက္ကသိုလ်	–	၁	၁
ကောလိပ်	–	၁	၁
အစိုးရကွန်ပျူတာကောလိပ်	–	၁	၁
အစိုးရနည်းပညာကောလိပ်	–	၁	၁
အစိုးရစက်မှုလက်မှုသိပ္ပံ	–	၁	၁
ကျန်းမာရေး			
ဆေးရုံ	၁၇	၂၆	၉
ကျန်းမာရေးဌာနများ	၅၀	၅၈	၈
တိုင်းရင်းဆေးရုံ	–	၁	၁
ဆက်သွယ်ရေး			
စာတိုက်စခန်း	၂၇	၃၃	၆
ကြေးနန်းရုံး	၇	၁၃	၆
တယ်လီဖုန်းရုံး	၅	၂၄	၁၉
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး			
ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ	–	၈	၈
ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်	–	၇၁၁	၇၁၁

စပါးအပြင် ပဲမျိုးစုံ၊ ဝါ၊ အစေ့ထုတ်ပြောင်း၊ ရော်ဘာ၊ ဆီအုန်း၊ လက်ဖက်၊ ငရုတ်ကောင်းနှင့် ကော်ဖီအပြင် ဆီထွက် သီးနှံများကိုပါ စိုက်ဧကများတိုးချဲ့ကာ ထုတ်ကုန်စွမ်းအားများ မြှင့်တင်နိုင်ခဲ့သည်။ လယ်ယာကဏ္ဍ၏ အဓိကလိုအပ်ချက် ဖြစ်သည့် ဆည်မြောင်း တာတမံ မြောက်မြားစွာကို တိုးချဲ့တည်ဆောက်ဖွင့်လှစ် ပေးနိုင်ခဲ့သည်။

ထို့အပြင် မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ဆက်သွယ်ရေးကဏ္ဍ၊ တည်ဆောက်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာ၊ ကျန်းမာရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ရေအားလျှပ်စစ်စီမံကိန်းများ၊ ရေနံနှင့် ရေနံထွက်ပစ္စည်းစက်ရုံများ၊ သတ္တု တွင်းထွက်သယံဇာတပစ္စည်းများ၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ၊ လူသုံးကုန်ပစ္စည်းစက်ရုံများ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများလည်း ပြည်နယ်နှင့် တိုင်းအလိုက် အသီးသီးဖွံ့ဖြိုးတိုးတက်လာ၍ ကုန်ထုတ်စွမ်းအားများ မြှင့်တင်ပေးနိုင်ခဲ့သည်။

ယင်းကဲ့သို့သော အခြေအနေအချိန်အခါကောင်းတွင် ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်လည်းဖြစ်ပြီး အမျိုးသားရေး အားမာန်လည်းဖြစ်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပိုမိုတိုးတက်ခိုင်မာ ရင့်သန်ထွန်းကားပြန့်ပွားစေရန် တိုင်းရင်းသားပြည်သူအပေါင်းက စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်ကြိုးပမ်းစွမ်းဆောင်သွားကြရမည် ဖြစ်သည်။

ပြည်ထောင်စုကြီး အင်အားချည့်နဲ့ပြိုကွဲရေးအတွက် ဆိုးညစ်သည့် ရည်ရွယ်ချက်ဖြင့် အစီအစဉ်တကျလုပ်ဆောင်နေကြသည့် ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ သွေးခွဲသပ်လျှိုမှု၊ သွေးထိုးမြှောက်ပင့်မှု၊ သွေးဆောင်ဖြားယောင်းမှုတို့ကို တိုင်းရင်းသားလူမျိုးများအားလုံးက စည်းလုံးညီညွတ်စွာ လက်တွဲတွန်းလှန်တိုက်ဖျက်လျက် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် တင့်တယ်ထည်ဝါစွာ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေး၊ ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ကြီး၏ အစဉ်လာကောင်းများနှင့်အညီ ကြိုးပမ်းသွားကြရမည် ဖြစ်ပေသည်။

သို့ဖြစ်၍ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခြေခံလျက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရင့်သန်ခိုင်မာစေရန် အားထုတ်ကြိုးပမ်းရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များဖြစ်သော-

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်း ကာကွယ်ရေး၊**
- **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

ဟူသော အမျိုးသားရေး ဦးတည်ချက်များအောင်မြင်စွာအကောင်အထည်ပေါ်လာစေရေးအတွက် တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် လက်တွဲညီညီ ကြိုးပမ်းသွားကြမည်သာဖြစ်ပါကြောင်း (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ချိန်ခါသမယတွင် ရေးသားလိုက်ရပါသည်။ ။

တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် သံလွင်တံတား(မော်လမြိုင်)တည်ဆောက်ရေးစီမံကိန်းစစ်ဆေး သတ်မှတ်ကာလအတွင်းစံချိန်စံညွှန်း ပြည့်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေးမှာကြား

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် သံလွင်တံတား (မော်လမြိုင်) ချဉ်းကပ်ရထားလမ်း တည်ဆောက်ရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၉

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီတွင် သံလွင်တံတား (မော်လမြိုင်)တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ သံလွင်တံတား (မော်လမြိုင်)မုတ္တမဘက်ခြမ်း အင်ဂျင်နီယာမှူး ဦးမျိုးဝင်းနှင့် မော်လမြိုင်ဘက်ခြမ်း အင်ဂျင်နီယာမှူး ဦးတင့်လွင်တို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်းတည်ဆောက်ရေးစီမံကိန်း၊ မြန်မာ့မီးရထားအင်ဂျင်နီယာ ဦးဇော်မင်းဦးက မီးရထားသံလမ်း ဖောက်လုပ်ပြီးစီးမှုနှင့် ဘူတာရုံတည်ဆောက်ပြီးစီးမှု များကို ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

တင်ပြချက်များအပေါ် တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေးမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် သံလွင်တံတား(မော်လမြိုင်)မုတ္တမဘက်ခြမ်း တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် သံလွင်တံတား(မော်လမြိုင်)မော်လမြိုင်ဘက်ခြမ်းရှိ ကျိုက်ဖနဲရပ်ကွက်တွင် စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှု၊ မီးရထားသံလမ်း ကမ်းကပ်ခုံ၊ ချဉ်းကပ်ရထားသံလမ်းနှင့် ရထားသံလမ်း ဖောက်လုပ်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် မော်လမြိုင် ဘူတာရုံသို့ သွားရောက်၍ အမိုးများတပ်ဆင်ထားရှိမှု၊ ကျောက်ပြားများခင်းခြင်းနှင့် ပလက်ဖောင်းများပြုလုပ်ဆောင်ရွက်ထားရှိမှု၊ သံလမ်းဖောက်လုပ်ပြီးစီးမှုများ၊ ဘူတာရုံတည်ဆောက်ပြီးစီးမှု၊ ခရီးသည်များနားနေသည့်နေရာများ၊ ဘူတာအဝင်လမ်း၊ လမ်းလယ်ကျွန်းနှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ လူကူးခုံးကျော်တံတား တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၉

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ လူကူးခုံးကျော်တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်း၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကောင်မတီ အတွင်းရေးမှူး ဦးတင်စိုး၊ ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးလှတင့်နှင့် အလှူရှင်များကိုယ်စား အလှူရှင် ရုပ်ရှင်သရုပ်ဆောင် မင်းအုပ်စိုးတို့က လူကူး ခုံးကျော်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက လူကူး ခုံးကျော်တံတားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ယင်းနောက် တိုင်းမှူး၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်များသည် လူကူးခုံးကျော်တံတားကို ဖြတ်သန်းကြည့်ရှုကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းလူကူး ခုံးကျော်တံတားသည် အရှည် ၅၂ ပေ၊ အကျယ် ၆ ပေနှင့် ယာဉ်လမ်းကင်းလွတ်အမြင့် ၁၈ ပေရှိသည့် သံပေါင်တံတား အမျိုးအစားဖြစ်သည်။ ယခုကဲ့သို့ လူကူးခုံးကျော်တံတား တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းကြောင့် ကျောင်းတက်ကျောင်းဆင်းချိန်များတွင် အလံပြဘုရားတစ်လမ်းလျှောက်၌ မော်တော်ယာဉ်များ ပိတ်ဆို့မှုမှ ကင်းဝေးမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာဖြင့် တံတားပေါ်မှတစ်ဆင့် ကျောင်းသို့ သွားလာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့တွင် ရေစီးရေလာကောင်းမွန်ရေး အတွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်းမကြီး ဘေး ဝဲ/ယာ ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်သရိုက်နှင့်သဲနုန်းများ ရှင်းလင်းဆယ်ယူခြင်း လုပ်ငန်းကို ဇန်နဝါရီ ၂၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူလူထုပူးပေါင်းဆောင်ရွက်ခဲ့ရာ မြို့နယ်စည်ပင်မှ အမှုဆောင် အရာရှိ ဦးတင့်ဝေ၊ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး မြို့နယ် ဥက္ကဋ္ဌ ဦးတင်ညွန့်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နိုင်ငံပိုင်စက်ရုံနှစ်ရုံကို ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးက အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၏ လှိုင်ကော် အမှတ်(၁) ကျောက်ပြားစက်ရုံခွဲ သီရိဒေါလမ်း ဒေါဥခူရပ်ကွက် လှိုင်ကော်မြို့ ကယားပြည်နယ် မြေဧရိယာ ၂ ဒသမ ၆၇၃ ဧကကို ကြမ်းခင်းဈေး ငွေကျပ်ငါးဆယ့်ရှစ်သန်း သုံးသိန်းခြောက်သောင်းရှစ်ထောင်ဖြင့်လည်းကောင်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၏ သဃ်္ဃန်းကျွန်းအထည်စက်ရုံ အမှတ်(၁၅) အမှတ် ၂၀ ဦးဘဟန်လမ်း သဃ်္ဃန်းကျွန်းမြို့နယ် ရန်ကုန်မြို့ မြေဧရိယာ ၁ ဒသမ ၃၅၀ ဧကကို ကြမ်းခင်းဈေးငွေကျပ် တစ်ရာခြောက်ဆယ့်ငါးသန်းငါးသိန်းငါးသောင်းခုနစ်ထောင်ဖြင့်လည်းကောင်း ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ် ရောင်းချမည်ဖြစ်သည်။

ဝယ်ယူလိုသူပုဂ္ဂိုလ် အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို ဖေဖော်ဝါရီ ၁၆ ရက်မှစ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန အမှတ်-၃၁၃ ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့) ၌ ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို မတ် ၁၆ ရက်တွင်သာ (တစ်ရက်တည်း)နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း တင်သွင်းရမည်ဖြစ်သည်။

အပြီးအပြတ်ဝယ်ယူရန် အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံး ဈေးနှုန်းပေးသူနှင့် တူညီစွာပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်ဖြစ်ရာ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထား တင်ပြရမည်ဖြစ်ပြီး မူလပိုင်ရှင်မဟုတ်ပါက အများဆုံးပေးဝယ်မည့် တိုင်းရင်းသားများကို ဦးစားပေးမည်ဖြစ်သည်။ **(သတင်းစဉ်)**

လမ်းမတော်မြို့နယ် (၃)ရပ်ကွက် လူသတ်မှုတရားခံများအား နှစ်ရက်အတွင်းဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၃)ရပ်ကွက်တွင် ဖေဖော်ဝါရီ ၆ ရက်က နှစ်လောင်းပြိုင်လူသတ်မှု ဖြစ်ပွားရာ ရန်ကုန်တိုင်းရဲတပ်ဖွဲ့က နှစ်ရက်အတွင်း တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိသည်။

အခင်းဖြစ်ပွားပုံမှာ လမ်းမတော်မြို့နယ် အမှတ်(၃)ရပ်ကွက် ကမ်းနားလမ်း အမှတ် ၉၅၀ တတိယထပ်၌ နေထိုင်သော ကိုဝင်းမြတ်သူ သည် ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီခွဲတွင် ထိုင်ဝမ်သို့ပြန်မည့် အစ်ကိုဖြစ်သူအား အစ်မဖြစ်သူမိသားစုတို့နှင့် အတူ နေအိမ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ လိုက်ပို့ခဲ့သည်။

လေဆိပ်မှနေအိမ်သို့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ပြန်ရောက်လာရာ လှေကားတံခါး သော့ပွင့်နေသဖြင့် နေအိမ်ခန်းသို့ တက်ရောက်ကြည့်ရှုစဉ်နေအိမ်၌ ကျန်ရစ်ခဲ့သည့် ဖခင် ဦးတင်ကြူ(၈၃)နှစ်သည် အိမ်ရှေ့ခန်း ကုလား ထိုင်ပေါ်တွင် ဓားဒဏ်ရာများဖြင့်လည်းကောင်း၊ မိခင် ဒေါ်ကျင်နု (၇၈)နှစ်သည် နောက်ဖေးခန်း၌ မှောက် လျက် ဒဏ်ရာများဖြင့်လည်းကောင်း သေဆုံးနေပြီး မိခင်ဝတ်ဆင်ထားသည့် နားမှ စိန်ခြယ်နားကပ် တစ်ရန် (တန်ဖိုးငွေကျပ် ရှစ်သိန်း)နှင့် ကျောက်ဖြူလက်စွပ်တစ်ကွင်း (တန်ဖိုးငွေကျပ် လေးသိန်း) စုစုပေါင်း တန်ဖိုးငွေကျပ် ၁၂ သိန်းပါ ပျောက်ဆုံးသွားသဖြင့် ကိုဝင်းမြတ်သူက လမ်းမတော်မြို့နယ် ရဲစခန်းသို့ တိုင်ကြားခဲ့သည်။

စုံစမ်း စစ်ဆေးချက်များအရ လူသတ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် သွေးနှင့် ဆံပင်များကပ်ညှိနေသော အရိုးအသွား ၁၁ လက်မခန့်ရှိ တရုတ်ဓား တစ်ချောင်း၊ မသင်္ကာဖွယ်ရာ သဲလွန်စများနှင့် မှတ်တမ်းမှတ်ရာ စာအုပ်များကို ရှာဖွေ စစ်ဆေးတွေ့ရှိရသဖြင့် ဖေဖော်ဝါရီ ၇ ရက်တွင် တရားခံ သန်းခိုင်ဦး ၂၄ နှစ်(အဖ) ဦးချစ်လှိုင်အား ၎င်းနေထိုင်ရာ သာကေတမြို့နယ် အမှတ်(၅) ရပ်ကွက် သုမန ၅ လမ်း အမှတ် ၃၀၆ နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

ထို့နောက်ပြည်သူလူထု၏ ဝိုင်းဝန်းကူညီ သတင်းပေးမှုကြောင့် လူသတ်မှုကို ပူးပေါင်းကြံစည်ခဲ့သူ တရားခံ အေးလွင်(ခ)ကုလား ၂၈ နှစ် (အဖ) ဦးတင်ဝင်းအား ဖေဖော် ဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံများ၏ ထွက်ဆိုချက်များအရ သန်းခိုင်ဦးသည် အိမ်နီးချင်းဖြစ်သူ အေးလွင်(ခ)ကုလားနှင့်အတူ ဖေဖော်ဝါရီ ၆ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် အခင်းဖြစ်အိမ်သို့ ရောက်ရှိခဲ့ကြောင်း၊ သန်းခိုင်ဦးက လှေကားတံခါးမှနေ၍ ဒေါ်ကျင်နုအား ခေါ်သဖြင့် ဒေါ်ကျင်နု ထွက်ကြည့်ပြီး မျက်နှာသိ ရင်းနှီးသူဖြစ်ခြင်းကြောင့် သော့ကို ကြိုးဖြင့်ချပေးခဲ့ကြောင်း၊ အိမ်ပေါ်သို့ ၎င်းတို့နှစ်ဦးတက်၍ သန်းခိုင်ဦးက ဒေါ်ကျင်နုအား ပစ္စည်းပေးရန် တောင်းဆိုရာ မရသဖြင့် သန်းခိုင်ဦးက မီးဖိုခန်းရှိ ဟင်းလှီးတရုတ်ဓားဖြင့် ဒေါ်ကျင်နုအားလည်းကောင်း၊ အေးလွင်(ခ)ကုလားက အသင့်ယူဆောင်ခဲ့သောဓားဖြင့် အိမ်ရှေ့ခန်းရှိ ဦးတင်ကြူအားလည်းကောင်း ထိုးသတ်ခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါ လမ်းမတော်မြို့နယ် (၃) ရပ်ကွက် နှစ်လောင်းပြိုင်လူသတ်မှုတွင် ပြည်သူလူထု၏ ဝိုင်းဝန်းကူညီ သတင်းပေးမှုကြောင့် ယခုကဲ့သို့ တရားခံများအား နှစ်ရက်အတွင်း လျင်မြန်စွာ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား မိသားစုအသွင်ဖြင့် ညစာတည်ခင်းဧည့်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၉

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခြင်း အခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် ဇော်ဂျီလမ်း ကမာရွတ်မြို့နယ်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး၏နေအိမ်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဇနီး ဒေါ်မြသီဂီ၊ ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနများမှ အကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက နှုတ်ခွန်းဆက်စကားပြောကြားပြီး ညစာစားပွဲသို့ တက်ရောက်လာကြသော ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ဝန်ကြီးနှင့် ဇနီး၊ ပို့ဆောင်ရေး ဝန်ကြီးဌာန လက်အောက်ရှိ ဌာနများမှ တာဝန်ရှိသူများနှင့် ဇနီးများက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့အတူ (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကရင်ပြည်နယ်မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် မိသားစုဝင်များက ယမန်နေ့ညနေပိုင်းတွင် ပြည်နယ်၊ တိုင်းအသီးသီးမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင် ၁၄ဦးတို့အား ရင်းနှီးပျူငှာစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြပြီးနောက် မိသားစုအသွင် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြပြီး ညစာသုံးဆောင်အပြီးတွင် အမှတ်တရ လက်ဆောင်များ ပေးအပ်ကြသည်။

အလားတူ ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြသည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇံလှနှင့် ဇနီးတို့က ယမန်နေ့ ညနေပိုင်းတွင် လမ်းမတော်မြို့နယ် ဗဟိုစည်အိမ်ရာ နေအိမ်၌ မိသားစုအသွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး ဒေါ်မြသီဂီတို့က ဂုဏ်ပြု ညစာဖြင့် တည်ခင်းဧည့်ခံစဉ်။ (ပို့ဆောင်ရေး)

ထို့နောက် ညစာစားပွဲသို့ တက်ရောက်လာသည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ် ရခိုင်ပြည်နယ်မှ ဦးထွန်းမင်းက ကျေးဇူးတင်စကား ပြောကြားသည်။ယင်းနောက် (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ပို့ဆောင်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီ၊ ဌာနတာဝန်ရှိသူများနှင့် ဇနီးများက မိသားစုအသွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည့် အခမ်းအနားကို ယမန်နေ့ ညပိုင်းတွင် အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဧည့်ရိပ်သာ၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက နွေးထွေးရင်းနှီးစွာ ကြိုဆို၍ နှုတ်ခွန်းဆက်စကား ပြောကြားပြီး (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်တော်များအား မိသားစု အသွင် ဂုဏ်ပြုညစာဖြင့် တည်ခင်း ဧည့်ခံကာ အမှတ်တရလက်ဆောင် များ ပေးအပ်သည်။

ကမာရွတ်မြို့နယ် ချင်းတွင်းလမ်း နေအိမ်၌ မိသားစုအသွင် ညစာဖြင့် ရင်းရင်းနှီးနှီး တည်ခင်းဧည့်ခံပြီး အမှတ်တရ လက်ဆောင်များ အပြန် အလှန် ပေးအပ်ကြသည်။

အလားတူ ၂၀၀၆ခုနှစ် (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်း အနားသို့ တက်ရောက်ရန်ရောက်ရှိ နေသော ကယားပြည်နယ် ပြည် ထောင်စုနေ့ကိုယ်စားလှယ်များအား ယမန်နေ့ညနေပိုင်းတွင် သစ်တော ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်နှင့် မိသားစုတို့က နေအိမ် မြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးချုပ် သိန်းအောင်၊ ဇနီး ဒေါ်ခင်ဌေးမြင့် မိသားစုတို့က (၅၉)နှစ်မြောက် ပြည် ထောင်စုနေ့ကိုယ်စားလှယ်များအား ကြိုဆိုနှုတ်ဆက်ကြပြီး မိသားစုအသွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကာ လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့အတူ ၂၀၀၆ခုနှစ် (၅၉)နှစ် မြောက် ပြည်ထောင်စုနေ့အခမ်းအနား သို့ တက်ရောက်လာကြသော ပြည် ထောင်စုနေ့ ကိုယ်စားလှယ်များအား အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဂုဏ်ပြု ညစာဖြင့် တည်ခင်းဧည့်ခံခြင်းကို ယမန်နေ့ညနေပိုင်းတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ကွန်းသာယာခန်းမ ၌ ပြုလုပ်သည်။

အဆိုပါ ညစာစားပွဲတွင် အမှတ် (၁) စက်မှုဝန်ကြီးဌာန ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ် များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ နှင့် အကြံပေးပုဂ္ဂိုလ်များက (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်း အနားသို့ တက်ရောက်လာကြသော

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

* ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။

* နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့်ဇနီး ဒေါ်ခင်ဌေးမြင့် မိသားစုတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။ (သစ်တော)

မြန်မာ့ရုပ်မြင်သံကြား

၁၀–၂–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ရိုးရာကျေးလက်ကစားနည်း
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၀၅	၇။	ကြေးမုံရိပ်သွင်တေးနှယဉ်
၈း၁၅	၈။	အကပြိုင်ပွဲ
၈း၂၀	၉။	(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀	၁၀။	International News
၈း၄၅	၁၁။	English for Everyday Use

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၆း၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၆း၅၅	၅။	နှောင်းခေတ်တေးပဒေသာ
၁၇း၀၀	၆။	(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇း၂၀	၇။	**"မြူတိမ်ကင်းသောနေ့"** ထွန်းထွန်းဝင်း၊ မင်းထက်ကျော်ဇင်၊ စိုးမိုးကြည်၊ ပုလဲဝင်း ဒါရိုက်တာ–သိန်းဟန်(ဖီးနစ်)
၁၇း၃၀	၈။	သုတစုံလင်ရွှေညာဏ်ရှင်
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ရောင်စဉ်မေတ္တာ"** (အပိုင်း–၄)
၁၉း၂၅	၁၂။	(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၃၅	၁၃။	ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
၁၉း၄၀	၁၄။	လောင်စာစွမ်းအင်အသုံးဝင် ခြံစည်းရိုးကြက်ဆူပင် (ကြက်ဆူရိုင်းမှ ဘိုင်အိုဒီဇယ်)
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းဆီအိပ်မက်"** (အပိုင်း–၆)
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈–၂–၂၀၀၆မှ ၁၆–၂–၂၀၀၆

အချိန် – နံနက် ၀၉း၀၀နာရီမှ ညနေ ၁၇း၀၀နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုနိုင်ပါသည်။)

ရိဒ်–တီးတိန်–ကလေး မော်တော်ယာဉ်ငယ်လိုင်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၉

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ဖလမ်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်ပြီး ရိဒ်–တီးတိန်–ကလေးမြို့များသို့ ပြေးဆွဲသည့် ရွှေခြသေ့်ယာဉ်ငယ်လိုင်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၂ရက်က ရိဒ်မြို့၌ကျင်းပရာ ဖလမ်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးအောင်နှင့် ဖလမ်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတျန်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဖလမ်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတျန်အောင်က ဖွင့်ပွဲအထိမ်းအမှတ်အလံကို ခရိုင်ဥက္ကဋ္ဌထံပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

ခြံစည်းရိုးကြက်ဆူရိုင်းပင်များ အောင်မြင်အောင်စိုက်ပျိုးပြီး ဇီဝဒီဇယ်ဆီထုတ်ယူ စိုက်ပျိုးနည်းပညာ ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင်ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ထွေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ၃ရက်က ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် မြို့ကွင်းလျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ စီမံကိန်း တာဝန်ခံက လုပ်ငန်းများ ပြီးစီးမှုအပိုင်းနှင့် နွေစပါးစိုက်ပျိုးရန် ပြီးစီးသော လက်တံမြောင်းများမှ ရေပေးနိုင်မှုအခြေအနေတို့ကို လည်းကောင်း၊ မြို့နယ်မြန်မာ့ စိုက်ပျိုးရေး လုပ်ငန်း မန်နေဂျာက နွေစပါးစိုက်ပျိုးမည့်ကွင်းဒေသနှင့် ပျိုးရေ၊ စိုက်ရေရရှိမည့် အနေအထားတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ဤဒေသ၌ နွေစပါး စတင်စိုက်ပျိုးကြမည် ဖြစ်၍ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိအောင် နည်းပညာပေးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ပင်မရေပေးမြောင်းနှင့် ရေပေးမှုကို ကြည့်ရှုပြီး ရေပေးတူးမြောင်းများ ပြီးစီးအောင် ဆောင်ရွက်ရေး၊ လုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ခြံစည်းရိုးကြက်ဆူရိုင်းပင်များ အောင်မြင်စွာစိုက်ပျိုး၍ ဇီဝဒီဇယ်ဆီထုတ်ယူ အသုံးပြုရေးနှင့် စိုက်ပျိုးမှု နည်းပညာ၊သီးထွက်ပိုမိုရရှိသည့်ဆောင်ရွက်နည်းများကို ပြည်သူလူထုကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် အင်္ဂပူမြို့နယ် နွေစပါးစိုက်ပျိုးမှုများကို လည်းကောင်း၊ ကွင်းကောက်ဒေသ၌ နန်ကသူဆည်ရေဖြင့် နွေစပါးဧက ၆၀၀၀ အပါအဝင် နွေစပါးဧက ၁၂၆၀၀ စိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေကို လည်းကောင်း၊ ပုသိမ်-မုံရွာကားလမ်းဖြတ် နန်ကသူ ရေပေးတူးမြောင်းနှင့် ရေငုပ်ပြွန်တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အင်္ဂပူမြို့နယ် တိုင်တစ်ရာကျေးရွာရှိ မူလတန်းကျောင်းပြုပြင်ထားမှုကို ကြည့်ရှုအားပေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်အောင်မြို့နယ် မျှင်ဝါးတောင်ဒေသရှိ မမြရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်က ပင်မတမံဖြင့် မမြချောင်းပိတ်လုပ်ငန်းပြီးစီး၍ ဆည်ရေသိုလှောင်ရရှိမှု၊ နွေစပါး စိုက်ပျိုးရန် ရေပေးမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်အောင်မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များက နွေစပါးစိုက်ပျိုးမှု၊ ခြံစည်းရိုး ကြက်ဆူရိုင်းပင်များ စိုက်ပျိုးမှုတို့ကို တင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက မမြရေလှောင်တမံ စီမံကိန်းကို ယခုနှစ်အတွင်း ပြီးစီးအောင် ကြိုးပမ်း ဆောင်ရွက်၍ ဒေသဖွံ့ဖြိုးမှု အကျိုးပြုရန် မှာကြားသည်။

မမြရေလှောင်တမံ စီမံကိန်းတွင် ယခုအခါ သိုလှောင်ရရှိသည့် ရေဖြင့် နွေစပါး ဧက ၃၅၀ကျော် စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၄ရက်တွင် မမြရေလှောင်တမံ စီမံကိန်း၏ ရေပိုလွှဲအောက်ပိုင်းအခြေ ကွန်ကရစ်လောင်းလုပ်ငန်းနှင့် အဆောက်အအုံပြီးစီးမှု တို့ကိုလည်းကောင်း၊ ရေထိန်းမျှော်စင်၊ရေထုတ်ပြွန်နှင့်ရေသောက်စနစ် တူးမြောင်းများမှ ရေပေးမှုကို လည်းကောင်း၊ ပင်မတမံအပေါ်ပိုင်း မြေဖို့မှုနှင့် တမံအတွင်း ရေသိုလှောင်ထားမှုတို့ကိုလည်းကောင်း ကြည့်ရှုသည်။ **(အပေါ်ပုံ)(သတင်းစဉ်)**

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းမွောရုံ၌ကျင်းပရာ အသင်းနာယက ဦးကျော်အေးက ရူပဗေဒ ပါရဂူဘွဲ့ရ ဒေါက်တာအေးသီဂီခိုင်အား ပညာရည်ချွန်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

နှစ်ဖက်သော မိဘများအားရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေမာလာရိပ်မွန် ဦးသိန်းလှိုင်-ဒေါ်မိမိခိုင်၊ သား၊ သမီး၊ မြေးမိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေ ဘုရားစေတီရံတစ်ဆူ အတွက် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ သာသနာပြု ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

(၁၂-၂-၂၀၀၆) ရက်နေ့

နှင့်

(၂၆-၂-၂၀၀၆) ရက်နေ့

နိုင်ငံခြားဇာတ်ကားသစ်များ အပြိုင်ရုံဝင်လာ မင်္ဂလာပါဇာတ်ကား ရွှေဆောင်ရုံ၌ ဆက်လက်ပြသ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဖေဖော်ဝါရီ ၉

ယခုသောကြာပတ်တွင် မြန်မာဇာတ်ကားသစ်များရုံဝင်လာခြင်းမရှိဘဲ နိုင်ငံခြားဇာတ်ကားသစ်များအပြိုင် ရုံဝင်လာသည်။ သမ္မတအဆင့်မြင့်ရုံတွင် King Kong ဇာတ်ကားသစ်နှင့် နေပြည်တော်ရုံတွင် The Island ဇာတ်ကားသစ် ရုံဝင်လာသည်။

King Kong ဇာတ်ကားမှာ ဒိုင်နိုဆောများ၊ ရွှန်တိုဆောရပ်(စ်)များ၊ ရောမကင်းကောင်ခေါ် မျောက်ဝံကြီးများ၊ ပင့်ကူကြီးများနှင့် လူရိုင်းများအကြား ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့တို့၏ သည်းထိတ်ရင်ဖို စွန့်စားခန်းများကို ဒဏ္ဍာရီဆန်ဆန် ရိုက်ကူးထားသော ဇာတ်လမ်းဖြစ်သည်။

နေပြည်တော်ရုံတွင် ရုံဝင်လာသော The Island ဇာတ်ကားမှာ Lincoln Six Echo ဆိုသော



မင်္ဂလာပါဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

အမျိုးသားတစ်ဦးသည် သူ့ကိုယ်သူ ဖန်တီးခံထားရသည့် ကိုယ်ပွားသက်ရှိ တစ်ဦးဖြစ်မှန်း သိရှိသွားပြီးနောက် အခြားသူ့လို ဖန်တီးခံထားရသည့် သက်ရှိများနှင့် ပူးပေါင်းပြီး လွတ်မြောက်ရေးကြိုးပမ်းပုံများကို ဇာတ်လမ်းဆင် ရိုက်ကူးထားသော ကိုယ်ပွား ပုံတူလူသားဇာတ်ကားဖြစ်သည်။

ပုဏ္ဏရိကဇာတ်ကားမှ ထွန်းအိန္ဒြာဗို၊ ဝါဝါအောင်နှင့် အောင်ခိုင်တို့၏ ဇာတ်ဝင်ခန်း။

မင်္ဂလာရုံတွင် The Patriot နိုင်ငံခြားဇာတ်ကားမှာ အမေရိကန်နယ်ချဲ့တော်လှန်ရေးစစ်ကားဖြစ်သည်။

ရွှေဆောင်ရုံတွင်ဒါရိုက်တာမီးပွား၏ **မင်္ဂလာပါ**ဇာတ်ကားဆက်လက်အောင်ပွဲခံလျက်ရှိသည်။

သွင်ရုံတွင် Seven Swords သိုင်းကား ပြသနေသည်။

မြို့မရုံတွင် Kahin Pyaar Na Ho Jaaye အိန္ဒိယဇာတ်ကားရုံဝင်လာသည်။ ယင်း ဇာတ်ကားတွင် ဆာလမန်ခန်၊ ဂျကီရှရွှတ်၊ ရန်နီးမူကာဂျီတို့ ခေါင်းဆောင်ပါဝင်ထားသော အချစ်ဟာသ ဇာတ်မြူးကားဖြစ်သည်။

ရွှေဂုန်ရုံ မြေညီထပ်တွင် မင်းသား ရှာရွတ်ခန် ခေါင်းဆောင်ပါဝင် ထားသော Anjaam ဇာတ်ကားရုံဝင်လာသည်။ ရွှေဂုန်ရုံအပေါ်ထပ်တွင် နာမည်ကြီးမင်းသား တွမ်ခရုစ် အထူးပါဝင်သရုပ်ဆောင်ထားသော The Firm အက်ရှင်ဇာတ်ကားပြသလျက်ရှိသည်။

ဆုထူးပန်ရုံတွင် Ziddi ဇာတ်ကားရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် အိန္ဒိယအက်ရှင်မင်းသား ဆန်နီဒိုးလ်နှင့်မင်းသမီးရာဗင်နာတို့ ခေါင်းဆောင်ပါဝင်ထားသည်။ ဒုစရိုက်သမားများကို ပြန်လည် လက်စားချေထားသော အက်ရှင်ဇာတ်ကားဖြစ်သည်။

မဟာမြိုင်နှင့် မြရတနာရုံများတွင် **ပုဏ္ဏရိက** ဇာတ်ကားဆက်လက်ပြသနေပြီး နဝဒေး၊ ရွှေမန်း၊ စံပြနှင့်သီတာရုံများတွင် **မျိုးစေ့** ဇာတ်ကားမြန်မာအဆင့်မြင့် ဗီဒီယိုဇာတ်ကား ပြသလျက် ရှိသည်။ ဖေဖော်ဝါရီ ၂၄ရက်တွင် မြိတ်တင်အောင် စီစဉ်ပြီး ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက်ကူးသည့် **မမေ့သွေး** ဇာတ်ကား အဆင့်မြင့် မြန်မာ ဗီဒီယိုဇာတ်ကားရုံဝင်လာမည်ဖြစ် သည်။ ယင်းဇာတ်ကားတွင် မင်းမော်ကွန်း၊ မျိုးသန္တာထွန်း၊ မေကဗျာ၊ ထွန်းထွန်းဝင်း၊ မြင်စိုင်းသားအောင်အောင်၊ ဒေါ်နှင်းဆီနှင့် ရူမဝစမ်းစမ်းအေး၊ နေထူးနိုင်တို့ အဓိကပါဝင်သရုပ်ဆောင်ထားကြသည်။ ။

(မြန်မာ့အလင်း)

မကြာမီရုံဝင်လာမည့် မမေ့သွေး ဇာတ်ကားမှ ရိုက်ကွင်းတစ်နေရာ။

ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် အတွင်းတည် ဆောက်လျက် ရှိ သော မဏိရတနာ အမှတ်(၂)နှစ်ထပ် ကျောင်းဆောင်အတွက် အရှင်ဆန္ဒာဓိက (ရွှေပါရမီ တောရ) က ငွေကျပ် သိန်းသုံးဆယ်ကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လထံ လှူဒါန်းရာ ရွှေပါရမီ မွေ့စာပေ ပြန့်ပွားရေး ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပေးအပ်ပြီး ဆရာတော် တပည့်ဒါယကာ ဦးဌေးမြင့်က လက်ခံယူစဉ်။

(က-ပ)

ဟန်ဂေါက်မာစတာ(စ်)အကယ်ဒမီဂေါက်သီးရိုက်သင်တန်းကျောင်း၌ သင်တန်းများဖွင့်လှစ်ထား

ရန်ကုန် ဖေဖော်ဝါရီ ၉

မြန်မာ့ဂေါက်သီးအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာရေးနှင့် ထူးချွန်သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာရေးကိုရည်ရွယ်၍ ဟန်ဂေါက်မာစတာ(စ်)အကယ်ဒမီဂေါက်သီးရိုက် သင်တန်းကျောင်းက ၂၀၀၆ ခုနှစ် ဇန်နဝါရီ၃၁ ရက်မှစတင်၍ လစဉ်ပုံမှန် သင်တန်းများကို ဖွင့်လှစ်ထားသည်။

အဆိုပါသင်တန်းကျောင်း၌ အခြေခံသင်တန်း(ရှုံးပိတ်ရက်/ရှုံးဖွင့်ရက်) (Beginner Course)၊ ကွင်းပတ်အဆင့်မွမ်းမံသင်တန်း (Intermediate Course)၊ အဆင့်မြင့်သင်တန်း (Advance Course) နှင့် ပြိုင်ပွဲဝင် ချန်ပီယံသင်တန်းများ ပါဝင်ပြီး စာတွေ့ လက်တွေ့သင်ကြားပို့ချမည့်အပြင် ခေတ်မီဗီဒီယိုကင်မရာစက်များ၊ သင်ရိုးညွှန်းတမ်းစာအုပ်များ အကူအညီဖြင့် စနစ်တကျ တတ်မြောက်သည်အထိ သင်ကြားပေးနေသည်။ ယင်းသင်တန်းများကို အမျိုးသား၊ အမျိုးသမီး မည်သူမဆို တက်ရောက်သင်ကြားနိုင်သည်။

သင်တန်းများကို နိုင်ငံတကာအတွေ့အကြုံရှိသည့် သမ္မာရင့်မြန်မာ့လက်ရွေးစင်အသင်း နည်းပြများဖြစ်ကြသော ဦးချမ်းဟန်၊ ဦးကိုကိုလေး၊ ဦးဆန်းထွန်းနှင့် ဦးဇော်ပိုင်ဦးတို့က အဆင့်မြင့်မားစွာ သင်ကြားပေးနေကြသည်။

ဖေဖော်ဝါရီ နောက်ဆုံးပတ်မှ စတင်၍ ၂၀၀၆ ခုနှစ် နွေရာသီမျိုးဆက်သစ်လူငယ်သင်တန်းများလည်း ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသော မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက် အားကစားသမားများသည် မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ကျောက်ရေတွင်းလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၇၀၆၇၈၈ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှားအားကစား

အက်ဖ်အေဖလား စတုတ္ထအကျော့ပွဲစဉ်ဆက်လက်ယှဉ်ပြိုင် ချယ်လ်ဆီးနှင့် မစ်ဒယ်ဘရော့တို့ အိမ်ကွင်း၌ နိုင်ပွဲများရရှိ

လန်ဒန် ဖေဖော်ဝါရီ ၉

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ စတုတ္ထအကျော့ပွဲစဉ်များအဖြစ် ချယ်လ်ဆီးနှင့် အဲဗာတန်၊ မစ်ဒယ်ဘရော့နှင့် ကိုဗင်ထရီတို့ ဖေဖော်ဝါရီ၉ ရက်က ယှဉ်ပြိုင်ကစားကြရာ ချယ်လ်ဆီးက အဲဗာတန်ကို လေးဂိုး-တစ်ဂိုးဖြင့် ပြတ်ပြတ်သားသား အနိုင်ရရှိပြီး မစ်ဒယ်ဘရော့က ကိုဗင်ထရီကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ချယ်လ်ဆီးနှင့် အဲဗာတန်

နိုင်ပွဲများ ဆက်တိုက်ပြန်ရလာသောချယ်လ်ဆီးတို့ မိမိကွင်း စတမ်းဖို့ဒ်ဘရစ်၌ အဲဗာတန်ကို ထိုက်ထိုက်တန်တန်အနိုင်ယူခဲ့ပြန် သည်။ အက်ဖ်အေဖလားကို အရယူရန် အားထုတ်နေသော ချယ်လ်ဆီးသည် အက်ဖ်အေဖလားပွဲစဉ်တိုင်းကို အလေးထား

အက်ဖ်အေဖလား စတုတ္ထအကျော့ပွဲစဉ်အဖြစ် ချယ်လ်ဆီးနှင့် အဲဗာတန်တို့ပွဲတွင် ချယ်လ်ဆီးမှ အက်စီယမ် (ဝဲ) **နှင့် အဲဗာတန်မှ တမ်ကာဟေးတို့ ဘောလုံးရရှိရေး ကြိုးစားစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

ကစားလျက်ရှိရာ ယခုပွဲတွင်လည်း အမာခံလူများကို ထုတ်သုံးခဲ့သည်။

ပွဲစသည်နှင့် ချယ်လ်ဆီးတို့ လျင်လျင်မြန်မြန် တိုက်စစ်ဆင်ကစားရာ အာဂျန်ရော်ဘင်၊ ခရက်စပို၊ ဂတ်ဂျွန်ဆင်နှင့် ရိုက်ဖီးလစ်တို့က နားလည်မှုရှိရှိဖြင့် အဲဗာတန် နောက်တန်းကို ထိုးဖောက်ကစားရာ ပွဲချိန် ၂၂ မိနစ်မှာပင် အာဂျန်ရော်ဘင်က ပယ်နယ်တီဧရိယာအတွင်း အဲဗာတန်ဂိုးနှင့် ၁၂ ကိုက်အကွာမှ ဘယ်ခြေဖြင့် အနိမ့်ဘော ကန်သွင်းယူလိုက်သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။

အနိုင်ဂိုး ဆက်တိုက်သွင်းယူနိုင်ရေးအတွက် အဲဗာတန်အသင်းကို ချယ်လ်ဆီးတို့ ဖိကစားရာ ၃၂ မိနစ်တွင် ချယ်လ်ဆီးမှရိုက်ဖီးလစ်ကို ဂိုးဧရိယာအတွင်း ဗာလန်တီက ကြမ်းတမ်းစွာ ကစားခဲ့မှုကြောင့် ပယ်နယ်တီရရှိခဲ့သည်။ ယင်းပယ်နယ်တီကို ဖရန့်လမ်းပတ်က ညာခြေဖြင့် အနိမ့်ဘော ကန်သွင်းယူနိုင်ခဲ့သည်။

ဖရန့်လမ်းပတ် ယခုသွင်းဂိုးသည် ယခုနှစ်ဘောလုံးရာသီ၌သူ၏ ၁၆ ဂိုးမြောက် သွင်းဂိုးဖြစ်သွားသည်။ ချယ်လ်ဆီးတို့ ဒုတိယမြောက် ဂိုးသွင်းလိုက်သဖြင့် အဲဗာတန်တို့ ကစားကွက်တည်မကစားနိုင်တော့ဘဲရှိနေရာမှ ပွဲချိန် ၃၆ မိနစ်တွင် ဖရန့်လမ်းပတ် ကန်တင်လိုက်သည့် ပြစ်ဒဏ်ဘောမှ တစ်ဆင့် ဟာနန်ခရက်စပိုက ဂိုးဝဘက်ထောင့်အတွင်း ခေါင်းတိုက်သွင်းယူခဲ့သဖြင့် တတိယဂိုးရရှိခဲ့ပြန်သည်။

ပထမပိုင်း ပွဲချိန်အတွင်းမှာပင် ချယ်လ်ဆီးတို့သုံးဂိုးပြတ်ဖြင့် ဦးဆောင်နေခဲ့ရာ အဲဗာတန်တို့ ချေပဂိုး ပြန်မသွင်းနိုင်ဘဲ ချယ်လ်ဆီးတို့၏ တိုက်စစ်ကိုသာ ဟန့်တားနေခဲ့ရသည်။ အဲဗာတန်မှ တိုက်စစ်မှူးများဖြစ်သည့် ဂျိမ်းဘီတီ၊ အိုစမန်၊ ကီဗင်ကီလ်ဘာနီ တို့၏ ထိုးဖောက်ကစားမှုမှာလည်း ချယ်လ်ဆီးနောက်တန်းကို မကျော်လွှားနိုင်ဘဲ ရှိနေခဲ့သည်။

သို့သော် ပွဲချိန် ၇၂ မိနစ်တွင် အဲဗာတန်တို့ ပယ်နယ်တီပြစ်ဒဏ်ဘောရရှိရာ ယင်းပြစ်ဒဏ်ဘောကို အဲဗာတန်မှ မီခီလ်အာတီရာက ကန်သွင်းယူခဲ့သဖြင့် ချေပဂိုး တစ်ဂိုး ရရှိခဲ့သည်။

သို့သော် အဲဗာတန်တို့ ချေပဂိုး တစ်ဂိုးပြန်သွင်းပြီး နှစ်မိနစ်အကြာ ပွဲချိန် ၇၄ မိနစ်တွင် ချယ်လ်ဆီး နောက်ခံလူ ရိုဘတ်ဟုသ် ပြစ်ဒဏ်ဘောကန်သွင်းလိုက်သည့် ဘောလုံးပြန်ထွက်လာသည်ကို ချယ်လ်ဆီး အသင်းခေါင်းဆောင် ဂျွန်တယ်ရီက အဲဗာတန် ဂိုးဧရိယာအတွင်းမှ ညာခြေဖြင့် အပိုင်ကန်သွင်းယူလိုက်သဖြင့် စတုတ္ထဂိုး ရရှိခဲ့ပြန်သည်။

အဲဗာတန်တို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ချယ်လ်ဆီးနောက်ခံလူများကို မကျော်လွှားနိုင်ခဲ့သည့်အပြင် ဗာလန်တီ၊ တမ်ကာဟေးနှင့် လီကာစလေတို့ အဝါကတ်အထိ ခံခဲ့ရပြီး လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

မစ်ဒယ်ဘရော့နှင့်ကိုဗင်ထရီ

မစ်ဒယ်ဘရော့တို့ မိမိကွင်း ရေးဗားဆိုက်၌ ညှော်သည် ကိုဗင်ထရီကို ကံကောင်းစွာဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မစ်ဒယ်ဘရော့ တိုက်စစ်မှူးများဖြစ်သည့် ယာကူဘူ၊ ဟက်ဆယ်ဘိမ့်နှင့် ရိုချင်ဘတ်တို့လည်း ကိုဗင်ထရီနောက်တန်းကို မနားတမ်းမွှေနှောက် ထိုးဖောက်ကစားခဲ့ရာ မစ်ဒယ်ဘရော့ တိုက်စစ်မှူး ဟက်ဆယ်ဘိမ့်က ကိုဗင်ထရီ ဂိုးဧရိယာ မလှမ်းမကမ်းမှ ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။

ဟက်ဆယ်ဘိမ့်၏ ယခုဂိုးသည် ယခုနှစ် ဘောလုံးရာသီ၌ သူ၏ ကိုးဂိုးမြောက် သွင်းဂိုးလည်း ဖြစ်သည်။

မစ်ဒယ်ဘရော့ တိုက်စစ်မှူး ဟက်ဆယ်ဘိမ့်က ကိုဗင်ထရီနောက်တန်းကို တွန်းတွန်းတိုက်တိုက် ထိုးဖောက်ကစားသလို ယာကူဘူကလည်း ခြေပေါ်အောင် ကစားနိုင်ခဲ့သဖြင့် ကိုဗင်ထရီ နောက်ခံလူများ ပျာယာခတ်အောင် ဟန့်တားခဲ့ရသည်။

သို့သော် ကိုဗင်ထရီ တိုက်စစ်မှူး စတန်းဂျွန်၊ မိုက်ရှဖီး၊ စကောင်းခရော့ဖ်တို့က တန်ပြန် တိုက်စစ်မှတစ်ဆင့် ချေပဂိုး ရရှိရေး ကြိုးစားရာ ဆန္ဒစောနေမှုကြောင့် ဂိုးပေါက်လွဲလျက်ရှိခြင်းမှာ မစ်ဒယ်ဘရော့တို့ ကံကောင်းခဲ့ခြင်းဖြစ်သည်။

ထို့အပြင် မစ်ဒယ်ဘရော့ ခံစစ်မှူးများ၏ နားလည်မှု လွဲမှားမှုများကိုလည်း ကိုဗင်ထရီ တိုက်စစ်မှူးများက အခွင့်အရေးမယူနိုင်ခဲ့၍ မစ်ဒယ်ဘရော့တို့ ဂိုးမပေးခဲ့ရခြင်းဖြစ်သည်။

ပွဲချိန်ပြည့်သည်အထိ မစ်ဒယ်ဘရော့တို့ ဂိုးထပ်မံမသွင်းနိုင်တော့၍ တစ်ဂိုး-ဂိုးမရှိဖြင့် ကိုဗင်ထရီကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အက်ဖ်အေဖလား စတုတ္ထအကျော့ပွဲစဉ်အဖြစ် မစ်ဒယ်ဘရော့နှင့် ကိုဗင်ထရီတို့ပွဲတွင် ကိုဗင်ထရီ တိုက်စစ်မှူး စကောင်းခရော့ဖ် (ယာ) **ဘောလုံးဟန့်တားစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

ပြည်ထောင်စုနေ့တွင် လော်ကားဥယျာဉ်ဖွင့်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိသာ ဖွင့်လှစ်သော်လည်း ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် အများပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေအနားယူ လေ့လာနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာ လက်ဝှေ့အဖွဲ့ချုပ် ဟဲဗီးဝိတ်ချန်ပီယံဘိုင်ယတ်ဒ် ချန်ပီယံကာကွယ်ပွဲအဖြစ် ကာလစ်စကိုနှင့်ထိုးသတ်မည်

နယူးယောက် ဖေဖော်ဝါရီ ၉

နိုင်ငံတကာလက်ဝှေ့အဖွဲ့ချုပ်၏ ဟဲဗီးဝိတ်ချန်ပီယံခရစ်အိုင်ယတ်ဒ်သည် သူ၏ ဟဲဗီးဝိတ်ချန်ပီယံကာကွယ်ပွဲအဖြစ် စိန်ခေါ်သူ ယူကရိန်းနိုင်ငံသား ဝဲရာဒီမီရာကာလစ်စကိုနှင့် လာမည့် ဧပြီ ၂၂ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း နယူးယောက်မြို့တွင် ဖေဖော်ဝါရီ၈ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားလိုက်သည်။

နိုင်ငံတကာလက်ဝှေ့အဖွဲ့ချုပ်၏ ဟဲဗီးဝိတ်ချန်ပီယံ ခရစ်ဘိုင်ယတ်ဒ် (ယာ)**နှင့် စိန်ခေါ်သူ ကာလစ်စကို**(ဝဲ)**တို့အား သတင်းစာရှင်းလင်းပွဲ၌ တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

ထိုးသတ်မည့်နေရာမှာ ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့တွင်ဖြစ်ပြီး ဧပြီ ၂၂ ရက်တွင်ဖြစ်ကြောင်း ခရစ်ဘိုင်ယတ်ဒ်က ပြောကြားသည်။

မိမိအနေဖြင့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် ချန်ပီယံဟောင်းတစ်ဦးဖြစ်သူ ကာလစ်စကိုအား အနိုင်ယူမည်ဖြစ်ကြောင်း၊ ကာလစ်စကိုသည် အရပ် ၆ ပေ ၅ လက်မ၊ အလေးချိန် ၂၅၀ ပေါင်ရှိသူတစ်ဦးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ခရစ်ဘိုင်ယတ်ဒ်သည် အရပ် ၆ ပေတစ်လက်မရှိကာ ကိုယ်အလေးချိန် ပေါင် ၂၁၀ ရှိသည်။ ပေါင်ချိန်မိမိထက်ပိုများနေသူနှင့် ထိုးသတ်ရမည်ဖြစ်သည့်အတွက် ကြိုက်နှစ်သည်ဟုလည်း ၎င်းက ပြောကြားသည်။

ခရစ်ဘိုင်ယတ်ဒ်သည် ပြီးခဲ့သော ၂၀၀၂ ခုနှစ် ဒီဇင်ဘာလက နိုင်ငံတကာလက်ဝှေ့အဖွဲ့ချုပ်၏ ဟဲဗီးဝိတ်ချန်ပီယံအဖြစ် အီဗင်ဒါဟိုလီဖီးလ်နှင့် ထိုးသတ်အနိုင်ရယူခဲ့သူဖြစ်သည်။ ယခုအချိန်အထိ နိုင်ငံတကာလက်ဝှေ့အဖွဲ့ချုပ် ဟဲဗီးဝိတ်ချန်ပီယံကာကွယ်ပွဲအဖြစ် လေးကြိမ်ထိုးသတ်ပြီး အနိုင်ရရှိထားသူလည်းဖြစ်သည်။

ခရစ်ဘိုင်ယတ်ဒ်သည် ယခုအချိန်အထိလက်ဝှေ့ပွဲပေါင်း ၄၂ ပွဲ ထိုးသတ်ခဲ့ရာ ၃၉ ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးပြီး ပွဲပေါင်း ၂၀ မှာ ဒိုင်ပွဲရပ်ဖြင့် အနိုင် ရယူထားသူဖြစ်သည်။

ကာလစ်စကိုမှာ ၄၅ ပွဲ ထိုးသတ်ခဲ့ရာ သုံးပွဲသရေကျပြီး ပွဲ၄၀ မှာ ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ရွှေတောင်မြို့၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး လှုံ့ဆော်မှု မြေစိုက်ပိုစတာစိုက်ထူ၊ စိုက်ခင်းကြည့်ရှု

ရွှေတောင် ဖေဖော်ဝါရီ ၄

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ်၌ ကြက်ဆူပင်စိုက်ပျိုးရေး လှုံ့ဆော်မှုမြေစိုက်ပိုစတာ စိုက်ထူပွဲကို ဇန်နဝါရီ၃၁ ရက် နံနက်က ပြည်–ရန်ကုန်လမ်းမကြီးဘေး ပြည်မြို့နှင့် ရန်ကုန်မြို့ဘက်တို့မှ မြို့အဝင်တို့တွင် စိုက်ထူကြသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ တိုင်းအလုပ်အမှုဆောင် ဦးခင်အောင်ဝင်း၊ မြို့နယ်အလုပ်အမှုဆောင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူးများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့်ပြည်သူများ စုပေါင်းအားပေးကြသည်။

ဆက်လက်၍ ပြည်ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ကြာနီကန် ရပ်ကွက်၊ ပျိုးဥယျာဉ် ဆည်ကြီးကုန်းအုပ်စု ညောင်ပိုင်းရွာ၌ စိုက်ပျိုးထားရှိသည့် ကြက်ဆူပင် တစ်အုပ်တစ်မ စိုက်ခင်းနှင့် မြို့နယ်အဆင့် ကြက်ဆူပင် ၄၅၀၀၀ ဆံ့ပျိုးဥယျာဉ်တို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တာချီလိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှူး တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်

တာချီလိတ် ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးက အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးမြင့်က ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပြန်လည်ပေးအပ်

ထို့နောက် ပြိုင်ပွဲတွင် ဆုချီးမြှင့်ရန် ငွေကျပ်တစ်သိန်း လှူဒါန်းသူ ဦးခင်မောင်မြင့်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

(၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ် မြို့တွင်း ကတ္တရာလမ်းသုံးလမ်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိ ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ညောင်ဦးခရိုင်၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းဟောပြောသရုပ်ပြ ပျိုးပင်တစ်သိန်းကျော် စုပေါင်းပျိုးထောင်စိုက်ပျိုး

ညောင်ဦး ဖေဖော်ဝါရီ ၅

ညောင်ဦးခရိုင်၌ ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်း သရုပ်ပြ ဟောပြောရှင်းလင်းပွဲနှင့် ဗီဝဒီဇယ်ဖြင့် လယ်ယာသုံးစက်များ မောင်းနှင်သရုပ်ပြခြင်းအခမ်းအနားကို ဇန်နဝါရီ ၃၀ရက်က ညောင်ဦးမြို့ အပူပိုင်းဒေသစိုက်ပျိုးရေး သုတေသနခြံ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇက အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဟန်စိုးက ခြံစည်းရိုး ကြက်ဆူပင်နှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးကျော်မြင့်က ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ လည်းကောင်း အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် ခြံစည်းရိုးကြက်ဆူပင်မှရရှိသည့် ဇီဝဒီဇယ်ဖြင့် လယ်ယာ–၁၆ လက်တွန်းထွန်စက်နှင့် မီးစက်မောင်းနှင်သရုပ်ပြခြင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ပြသသည့် ခြံစည်းရိုးကြက်ဆူပင်၊ ကြက်ဆူစေ့၊ ပျိုးကိုင်းနှင့်မျိုးပင်များ၊ ကြက်ဆူဆီနှင့်ပညာပေး မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြပြီး ခြံစည်းရိုးကြက်ဆူပျိုးပင်၁၂၀၀၀၀ပျိုးထောင်စိုက်ပျိုးခြင်းကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြစ်ကြီးနားမြို့၌ မနောလမ်းကတ္တရာခင်း

မြစ်ကြီးနား ဇန်နဝါရီ ၂၅

မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက် မနောလမ်းကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းခြင်းကို ဇန်နဝါရီ ၃ ရက်က အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်မော်မော်သိန်းနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးဆွေနှင့် အင်ဂျင်နီယာမှူး ဦးသိန်းမြင့်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

မိဘမဲ့ကလေးများ ထိန်းသိမ်းစောင့်ရှောက်ရေး ကောင်းရိပ်သာလူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းဖွင့်

ကန့်ဘလူ ဇန်နဝါရီ ၂၅

ကန့်ဘလူမြို့နယ် ဇီးပင်သာကျေးရွာ ရွာဦးကျောင်းဆရာတော် ဦးသုန္ဒရသည် ခိုကိုးရာမဲ့ချို့တဲ့ကလေးငယ်များနှင့် မိဘမဲ့ကလေးများထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ကောင်းရိပ်သာလူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်း(လူငယ်စခန်း) ဖွင့်လှစ်ပြီး လူငယ်များကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ လူငယ် ၄၀ ကျော် လာရောက်ခိုလှုံလျက်ရှိသည်။ (အောက်ပုံ)

အဆိုပါလူငယ် ၄၀ ကျော်တို့၏ စားဝတ်နေရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့အတွက် စေတနာရှင်များက ငွေကြေးနှင့် ပစ္စည်းများ လှူဒါန်းလျက်ရှိရာ မန္တလေးမြို့ ရတနာဦးရပ်နေ ဦးမင်းအောင်–ဒေါ်မြမြဝင်း၊ သားကိုအုန်းလွင်–မဇာခြည်ဝင်း၊ မြေးသက်ဖုန်းသွင်တို့က ဦးမင်း အောင်၏ မွေးနေ့အပတ်စဉ် တနင်္ဂနွေ နေ့တိုင်း နံနက်စာ၊ ညစာတို့ကိုလည်း ကောင်း၊ ရွှေဘိုမြို့ ဗမာ့ထွန်း ဗီဒီယို ရိုက်ကူးရေးလုပ်ငန်းမှ ဦးအောင်အောင်–ဒေါ်ဖြူသွယ်အောင်၊ သား မြတ်သူအောင်၊ သင်းဆုမြတ်အောင်တို့က တစ်ရက်စာအတွက် အလှူငွေကျပ် ၁၅၀၀၀ကို လည်းကောင်း၊ ကန့်ဘလူမြို့နယ် ဇီးကုန်း အောင်သိဒ္ဓိ ရပ်မှ ကိုသိန်းမြင့်–မအေးအေးသန်း မိသားစုက ကွယ်လွန်သူ မိဘများအား ရည်စူး၍ သုံးရက်စာအတွက် ငွေကျပ် ၄၅၀၀၀ကို လည်းကောင်း ဆရာတော် ဦးသုန္ဒရထံ ဒီဇင်ဘာ ၂၅ရက်က ရေစက်ချလှူဒါန်းကြသည်။ **(ဝ၅၆)**

ဇန်နဝါရီ ၂ ရက်က အမျိုးသားညီလာခံကိုထောက်ခံသောအားဖြင့် ပဲခူးတိုင်း (အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ် ညောင်ကုန်းကျေးရွာအုပ်စုတွင် ညောင်ကုန်းကျေးလက်ကျန်းမာရေး ဌာန ဆေးခန်းအဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇော်မြင့်နိုင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအောင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ကျန်းမာရေး)

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၊ လှိုင်မင်္ဂလာဈေး၊ ပုလဲမြဈေးနှင့် ကူးတို့ဈေးများတွင် ဇန်နဝါရီ ၁ ရက်က ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ အမှိုက်များ ရှင်းလင်းခြင်း၊ ဈေးပတ်လည်ရှိ ရေမြောင်းများ အမှိုက်များ ရှင်းလင်းခြင်းကို အမှုဆောင် အရာရှိ ဦးမြင့်အောင်ကြီးကြပ်ပေးစဉ်။

(မြို့နယ် စည်ပင်)

10-2 (15).p65 1 3/29/1905, 9:20 PM





စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း

ရွှေညောင်မြို့နေ (ဦးပါလေး)-ဒေါ်ခင်အေးတို့၏သမီးထွေး မနုနုထွေးနှင့်ရန်ကုန်မြို့နေ ဦးစံမြိုင်-ဒေါ်စီစီသန်းတို့၏ သားကြီး မောင်သန့်ဇင်နှင့်၂၆-၈-၂၀၀၄ ရက်တွင် စေ့စပ်ထားခြင်းကို စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် မနုနုထွေးဘက်မှ စတင်၍ ဖျက်သိမ်းလိုက်သည်။

မနုနုထွေး ၁၃/တကန(နိုင်) ၁၄၉၈၃၈။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအကျိုးအတွက် ၂၀၀၆ ခုနှစ် မတ်လတွင် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စီစဉ်ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် သင့်လျော်သည့် အခြေခံရောင်းဈေး သတ်မှတ်သည့် ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ်ဖြင့် ယှဉ်ပြိုင်ဝယ်ယူကြမည်ဖြစ်၍ နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်လျော်သည့် အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ် တင်ပြရောင်းချရန် အထူးလိုအပ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့်လည်း ယခင်ရတနာပြပွဲများနည်းတူ ရောင်းရငွေများ အမြန်ရရှိရေး၊ ပြည်ပတင်ပို့ရေး၊ ရောင်းရငွေများကို ပြည်ပပို့ကုန် ရောင်းရငွေ(Export Earning)အဖြစ် သတ်မှတ်ရေးနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ရတနာပြပွဲသို့ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များများ တက်ရောက်စေရန် ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၆ ခုနှစ်၊ မတ်လတွင် ကျင်းပမည့် (၄၃) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ လ၂၃ရက်မှ ဖေဖော်ဝါရီလ ၁၇ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများကို စစ်ဆေးခြင်းနှင့် အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၄။ ရတနာပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ရန်ကုန်မြို့။ ကျောက်မျက်ရတနာတူးဖော်ရေးဌာန(မိုးကုတ်မြို့)။ ကျောက်စိမ်း တူးဖော်ရေးဌာန(လုံးခင်း)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေပြုသည့် ကျောက်စိမ်း/ကျောက်မျက် တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါသည်။

၅။ ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများကို မိမိတို့ အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် လမ်းခရီး၌အခက်အခဲရှိပါက အထက်စာပိုဒ်(၄)ပါ လုပ်ငန်း၊ ဌာန၊ ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်မှ ၄-၁-၂၀၀၆ရက်တွင်ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာတွင်ပါရှိသော **"သီရိသုဓမ္မသင်္ဂဟ"**ဘွဲ့တံဆိပ်ကို ထိုက်တန်စွာချီးမြှင့်ခြင်းခံရသော ဘုရား၊ ရဟန်း၊ ကျောင်း၊ မီးစက် အလှူဒါယကာကြီး ဦးမျိုးခင်၏ဇနီး ဒါယိကာမကြီး **ဒေါ်သူဇာမင်း** အား ဝမ်းမြောက်စွာ ဂုဏ်ယူချီးကျူးမိပါကြောင်းနှင့် သာသနာအကျိုးကို ဆတက်ထမ်းပိုးရွက်ဆောင်နိုင်ပြီး လှူဒါန်းမှုများကို ဆက်လက်ပြုလုပ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြို့ဦးစက်ပစ်ကွင်းကျောင်း ဆရာတော်နှင့်တပည့်ဓမ္မမိတ်ဆွေများ
သန်လျင်မြို့။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၉)မိုင် မစိုးရိမ်ကျောင်းလမ်း လမ်းသွယ်(၂)အမှတ် ၃၈နေ ဦးမြင့်လွင်-ဒေါ်အေးသီတာတို့၏(၃၃)နှစ်မြောက် မင်္ဂလာအလှူငွေကျပ် တစ်သိန်းနှင့် ဓာတ်ဆီ ၁၀ ဂါလန်ကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အဖွဲ့ဝင် ဦးအောင်ကြွယ်စိုးက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဒိုက်ဦးမြို့နယ် သန္တိသုခ ဓမ္မာရုံ လှူဒါန်းပွဲကျင်းပ
ရွှေရတုဝိဇာတမွေးနေ့ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

ဒိုက်ဦး ဖေဖော်ဝါရီ ၇

ဒိုက်ဦးမြို့နယ် မြို့သစ်(ခ)ရပ်ကွက် မြို့သစ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇ္ဇောဘာသ၏ ရွှေရတုဝိဇာတမွေးနေ့ မင်္ဂလာကုသိုလ်တော် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲနှင့် ပါရမီရှင်များစေတနာဖြင့်တည်ဆောက်ထားသော ငွေကျပ်သိန်း ၃၀၀ ကျော်တန် သန္တိသုခဓမ္မာရုံရေစက်ချ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၃ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အလှူတော် မင်္ဂလာပွဲသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် အလှူရှင်များ တက်ရောက်ကြပြီး မြို့သစ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇ္ဇောဘာသက တရားတော်များ ဟောကြားချီးမြှင့်ပြီး ကျပ်သိန်း ၃၀၀ ကျော်တန် သန္တိသုခဓမ္မာရုံအားရေစက် သွန်းချ လှူဒါန်းကြသည်။

(ယာပုံ) (မြို့နယ် ပြန်/ဆက်)

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပိတောက်လမ်းအား ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၂ ရက်က အင်ဂျင်နီယာမှူး ဦးဝင်းဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကို ကိုနိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်း၌ ကျောင်းကျန်းမာရေးဆုချီးမြှင့်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၅

မော်လမြိုင်ကျွန်းမြို့တွင် စတုတ္ထအကြိမ် ကျောင်းကျန်းမာရေးလုပ်ငန်းဆုပေးပွဲနှင့်သွားကျန်းမာရေး သီချင်းဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က အောင်သုခ အခြေခံပညာမူလတန်းကျောင်း ရှေ့အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းကျန်းမာရေးအဖွဲ့ခေါင်းဆောင် သွားဘက်ဆိုင်ရာ ဒေါက်တာ အေးအေးမော်က ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် ဆုပေးပွဲ ဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ကျောင်းကျန်းမာရေး ပထမဆုရသော အောင်သုခအခြေခံပညာမူလတန်းကျောင်းအား သွားဘက်ဆိုင်ရာ ဆရာဝန်ဒေါက်တာ အေးအေးမော်က ဆုချီးမြှင့်ရာ ကျောင်းအုပ်ကြီး ဦးခင်မောင်သိန်းက လက်ခံရယူသည်။

ထို့နောက် ကျောင်းကျန်းမာရေး ဒုတိယဆုရ အေ ၉ လမ်းမူလတန်းကျောင်း၊ တတိယဆုရတောရမူလတန်းကျောင်းနှင့် ၁၄လမ်းမူလတန်းကျောင်း သွားကျန်းမာရေး သီချင်းပထမဆုရ အောင်သုခမူလတန်းကျောင်း၊ ဒုတိယဆုရ အေ ၉ လမ်း မူလတန်းကျောင်းနှင့်တတိယဆုရ တောရမူလတန်းကျောင်းတို့ကို မြို့နယ်ကျန်းမာရေးဆရာမကြီး ဒေါ်နယ်လီသန်းနှင့်အဖွဲ့က ဆုများပေးအပ်ကြသည်။ **(၀၉၇)**

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ဥယျာဉ်အတွင်း ဝန်ထမ်းများ စုပေါင်း၍ ပန်းအလှပင် လေးမျိုး ပျိုးထောင်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို ဖေဖော်ဝါရီ ၃ရက်က အမှုဆောင်အရာရှိ ဦးထွန်းထွန်းကွင်းဆင်း ကြီးကြပ်ပေးစဉ်။ (၀၄၀)

စာပေဟောပြောပွဲ ပေါင်မြို့၌ ကျင်းပ

ပေါင် ဖေဖော်ဝါရီ ၇

ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က စီစဉ်ကျင်းပသည့် စာဆိုတော်နေ့ အထိမ်းအမှတ်စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၅ ရက် ည ၇ နာရီက ပေါင် အထက ရွှေရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးထွန်းမြက အမှာစကားပြောကြားပြီး စာပေဟောပြောပွဲ ကျင်းပရာ စာရေးဆရာ ချစ်ကိုကိုယု၊ စာရေးဆရာနန္ဒာမိုးကြယ်နှင့် အသံတု ကြယ်တစ်လုံးတို့က စာပေရေးရာများ ဟောပြောကြသည်။ **(က-ပ)**

ပြည်ထောင်စုနေ့အလံတော် ဒဂုံမြို့သစ်(တောင်ပိုင်း)သို့ ဆက်လက်သယ်ဆောင် ထောင်ပေါင်းများစွာသော တိုင်းရင်းသားပြည်သူများ ဂုဏ်ပြုကြိုဆို အလေးပြု

ရန်ကုန် ဖေဖော်ဝါရီ ၉

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးအစီအစဉ်အရ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သီဟဒီပ အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ ယမန်နေ့တွင် တစ်ညတာရပ်နားခဲ့သော ပြည်ထောင်စုအလံတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သို့ ပြည်ထောင်စုလှေဖြင့်လည်းကောင်း၊ အလံတော်သယ်ယူရေးအဖွဲ့များက အဆင့်ဆင့် လက်ဆင့်ကမ်း၍ လည်းကောင်း သယ်ဆောင်ကြပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ပြည်ထောင်စုအလံတော်ကို နံနက် ၈ နာရီ ၃၅ မိနစ်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

လွှဲပြောင်းပေးအပ်

ပြည်ထောင်စုအလံတော်ကို ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်မှ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သို့ ဆက်လက်သယ်ဆောင်သည့် အခမ်းအနားကို နံနက်ပိုင်းတွင် သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်း၌ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စု အလံတော်ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ရေးပြတပ်ဖွဲ့၊ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက အလေးပြုကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ထို့နောက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်က သီဟဒီပအားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို နုတ်ယူ၍ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် ရဲအရာရှိ လေးဦး၊ ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများခြံရံလိုက်ပါကာ သီဟဒီပအားကစားကွင်းမုခ်ဦးသို့ သတ်မှတ်လမ်းကြောင်း အတိုင်း သယ်ဆောင်ပြီး သီဟဒီပအားကစားကွင်း မုခ်ဦးရှေ့အရောက်၌ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်ထံ လွှဲပြောင်းပေးအပ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ❋

ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမောင်မောင်ရှိန် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလားတွင် ပြည်ထောင်စု အလံတော်အား စိုက်ထူပြီး အလေးပြုစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ ပြည်ထောင်စုနေ့ပြပွဲကြည့်ရှုလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၉

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ရန် ရန်ကုန်မြို့သို့ရောက်ရှိနေကြသော ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်ကြိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသည့် ပြည်ထောင်စုနေ့ပြပွဲသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

(သတင်းစဉ်)

မြန်မာ့အလင်း (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

အသီးတစ်ရာ
အညှာတစ်ခု
နို့ပြည်ထောင်စု

❑ ပြည်ထောင်စုကြီး အင်အားချည့်နဲ့ပြိုကွဲရေးအတွက် ဆိုးညစ်သည့် ရည်ရွယ်ချက်ဖြင့် အစီအစဉ်တကျလုပ်ဆောင်နေကြသည့် ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ သွေးခွဲသပ်လျှိုမှု၊ သွေးထိုးမြှောက်ပင့်မှု၊ သွေးဆောင်ဖြားယောင်းမှုတို့ကို တိုင်းရင်းသားလူမျိုးများအားလုံးက စည်းလုံးညီညွတ်စွာ လက်တွဲတွန်းလှန်တိုက်ဖျက်လျက် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင်တင့်တယ်ထည်ဝါစွာ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေး ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ကြီး၏ အစဉ်လာကောင်းများနှင့်အညီ ကြိုးပမ်းသွားကြရမည်ဖြစ်။

မြင့်စိုး၏ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ထာဝစဉ် စည်းလုံးညီညွတ်စွာဖြင့် ချီတက်ကြပါစို့ ဆောင်းပါး(စာ- ၈၊ ၉)

❑ ပြည်ထောင်စုအားမာန် — ဖိုးရန်နိုင်(ကျောက်ကြီး)၏ ကဗျာ (စာ-၉)

❑ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကရင်ပြည်နယ် — သတင်းဓာတ်ပုံမှတ်တမ်း (စာ-၉)